မန္တလေး နေ့စဉ်
The Mandalay Daily
၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၉၀)၊ ၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်၊ ၂၇-၂-၂၀၂၅၊ ကြာသပတေးနေ့ ။

## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ဘုရား အစရှိသော ပညာရှိတို့သည် ဈာန်တရားကို လေ့လာပွားများကြ၍ ကိလေသာငြိမ်းရာ နိဗ္ဗာန်အာရုံ၌ မွေ့လျော်ကုန်၏။ သတိရှိတော်မူကြ၍ သစ္စာလေးပါး တရားကို ကောင်းစွာ သိတော်မူကုန်သော ထိုဘုရား အစရှိသည့် သူတော်ကောင်းတို့ကို နတ်တို့သည်လည်း ချစ်မြတ်နိုးကုန်၏။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး သီရိရတနာခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်မှ အမျိုးသမီးရေးရာအဖွဲ့ နာယကများ၊ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ခရိုင်ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ☆

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

၂၀၂၅ ခုနှစ် ၊ ဖေဖော်ဝါရီ ၂၇ ရက်၊ ကြာသပတေးနေ့။

မန္တလေး နေ့စဉ်

# သာယာမှုအပေါင်း ခညောင်းနေသော တပေါင်းလ

မြန်မာ့ဆယ့်နှစ်လ ရာသီစက်ဝန်းကို ဥတုသုံးလီဖြင့် ပိုင်းခြားသတ်မှတ်သောအခါ နွေ၊ မိုး၊ ဆောင်းဟူ၍ ဖြစ်ပေါ်လာသည်။ တပေါင်းလသည် မြန်မာ့ဆယ့်နှစ်လရာသီ၏ နောက်ဆုံးလဖြစ်သည်။ တပေါင်းလ၏ ပထမလဝက်သည် ဆောင်းရာသီတွင်ပါဝင်ပြီး ဒုတိယလဝက်သည် နွေရာသီ၌ ပါဝင်လျက်ရှိသည်။ ဆောင်းတစ်ဝက်၊ နွေတစ်ခြမ်း တပေါင်းလကို "နေပူလို့ ညချမ်း တပေါင်းလသရမ်း"ဟု ဆိုစမှတ်ပြုကြသည်။

တပေါင်းလသည်သာယာမှုအပေါင်း ခညောင်းလျက်ရှိသည်။ တပေါင်းလဟူသည် ထန်းရည်များကို စပေါင်းခံယူရသောလဖြစ်၍ ထန်းပေါင်း ထိုမှ တပေါင်းလဖြစ်လာသည်ဟု ရှေးကအဆိုရှိခဲ့သည်။ တပေါင်းလကို ဗေဒင်အလိုအရလည်း မိန်ရာသီဟု ခေါ်ပြန်သည်။ ပါဠိစကား မိနသည် ငါးသတ္တဝါဟု အဓိပ္ပာယ်ရပြီး မိန်ဖြစ်ကာ အဓိပ္ပာယ်မှာ ငါးများ ရှင်မြူးသော ရာသီဟူ၍ဖြစ်သည်။

ထိုသဘောကို ယူကာ တပေါင်းလမိန်ရာသီ၏ ရာသီရုပ်မှာ ငါးနှစ်ကောင်ရုပ်ဖြစ်လာသည်။ ထူးခြားသောလ အလှတရားဆုံရာလဖြစ်၍ တပေါင်းသာခေါင် လများနောင်ဟု ပြောစမှတ်ပြုကြသည်။

ထို့အပြင် ဆောင်းနှောင်းစ နွေဖြစ်သောကြောင့် ဆောင်း၏ အငွေ့အသက်တို့ အနည်းငယ် အသက်ဝင်နေဆဲ ဖြစ်သည်။ မြူနှင်းတို့ ဝေ့ဝဲကျဆင်းနေဆဲ ဆောင်ကြွင်းနှင်းမှုန်တို့ လေနှင့်အတူ လွင့်မျောနေဆဲပင်ဖြစ်သည်။ နွေဦးနှင့်အတူ ဥသြငှက်တို့၏ တေးသီသံက အလွမ်းဓာတ်ခံရှိသူတို့အတွက် ကြေကွဲဖွယ်ကောင်းလှသည်။ တစ်နည်းအားဖြင့် နွေနိဒါန်းအဖြစ် နွေသရုပ်ကို ဖော်ထုတ်လိုက်သံအလား ရင်၌ ခံစားရသည်။ ရွက်ဟောင်းတို့ကြွေ ရွက်သစ်ဝေလျက် သစ်ပင်ပန်းမန်များသည် နေရောင်ခြည်၏ နွေးထွေးမှုအောက်တွင် ဖူးဖွင့်ဝေဆာနေသည်ကို တွေ့မြင်နေရသည်။

မြန်မာ့ဆယ့်နှစ်လရာသီတွင် ရာသီအလိုက် ရာသီပန်းများရှိကြသည်။ တပေါင်းလ၏ ရာသီပန်းမှာ သရဖီပန်းဖြစ်သည်။ သရဖီပန်းတို့၏ မွှေးရနံ့သည် တောတောင်တစ်ခွင်လုံး သင်းပျံ့နေသဖြင့် "သရဖီရွှေခိုင်က လှိုင်ရာလေကော"ဟု ဦးယာက မှတ်တမ်းတင်ခဲ့သည်။ သရဖီပန်း၏ ဝင်းဝါနေသော အရောင်အသွေးနှင့် သင်းပျံ့နေသော မွှေးရနံ့တို့သည် တပေါင်းလ၏ သာယာကြည်နူးဖွယ်အလှ တစ်ခုဖြစ်သည်။ သရဖီပန်းနှင့်အပြိုင် တပေါင်းလကို အလှဆင်နေသော ပန်းမှာ အင်ကြင်းပန်းများဖြစ်ပြန်သည်။

တပေါင်းလသည် မိုးလေကင်းစင်သဖြင့် မြစ်၊ ချောင်း၊ အင်းအိုင်၊ ရေကန်များတွင် ရေမျက်နှာပြင်သည် မှန်သားပြင်ကဲ့သို့ ကြည်လင်ပြီး တောရိပ်တောင်ရိပ်များ ထင်ဟပ်နေတတ်သည်။ ငါးတန်၊ ငါးမြင်း၊ ငါးပူတင်းတို့ ပျော်မြူးကြပြီး သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် ဝမ်းစာရှာနေရသော ကိုတံငါတို့ ပိုက်ချသောရာသီလည်းဖြစ်သည်။ မြစ်ကမ်းသောင်ယံအစပ်တွင်လည်း ဟင်္သာ၊ ဇင်ယော်စသော ငှက်များ ဝေလေ့အလိုက် ပျော်မြူးနေကြသည်။

တပေါင်းလ၏ သာယာမှုအဖုံဖုံကို မြန်မာစာဆိုတို့သည် စိတ်အာရုံညွတ်ပြီး စာဖွဲ့ခဲ့ကြသည်။ ရှင်ဥတ္တမကျော်က "သဲခင်းသာဝယ်၊ သီတာကြည်လဲ့၊ ငှက်သံနွဲ့နှင့်၊ လွမ်းဖွဲ့မြိုင်ခြေ မြူခိုးဝေခဲ့"ဟူ၍လည်းကောင်း၊ ဦးကြင်ဥက "စရိုက်ကယ်ဖွေရှာ၊ ကိုတံငါလည်း ဘာသာဒေါင်ဒင်၊ ပျော်မြူးငယ်ရှင်သည်"ဟူ၍ တံငါတို့၏ သဘာဝကိုလည်းကောင်း၊ ဦးပုညက "ခါတပေါင်း၊ ရွက်ဟောင်းအကုန်ကြွေလို့၊ စုံခြေမှာ ရော်ဝါရင့်တာက၊ ကြုံလေနော်ပေါ်လာပွင့်တယ်၊ ပန်းမင်းသရဖီ"ဟူ၍ တပေါင်းလစာပန်းချီကို ခြယ်ပြခဲ့ကြသည်။

သို့ဖြစ်ရာ မြန်မာ့ဆယ့်နှစ်လရာသီတွင် သူ့ရာသီသူ့လအလိုက် သာယာပုံအမျိုးမျိုး ရာသီသဘာဝ အဖုံဖုံရှိကြရာ သာယာမှုအပေါင်း ခညောင်းနေသော တပေါင်းလကို စာပန်းချီခြယ်သ၍ ကုန်နိုင်မည်မဟုတ်ဟု ရေးသားလိုက်ရပေသည်။

# သမိုင်းဝင် ရွှေကျီးမြင်မြတ်စွာဘုရား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**မန္တလေး ဖေဖော်ဝါရီ ၂၆**

မန္တလေးမြို့ သမိုင်းဝင် ရွှေကျီးမြင်မြတ်စွာဘုရား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၂ နာရီက အဆိုပါဘုရား ရွှေကျီးသာဓမ္မာရုံတွင် ကျင်းပသည်။

အစည်းအဝေးသို့ အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ ဦးစီးမှူးများ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုလုပ်ငန်းအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်နှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြသည်။**(အပေါ်ယာပုံ)**

အစီအစဉ်အရ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ရွှေကျီးမြင်မြတ်စွာဘုရား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးတင်မောင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ရွှေကျီးမြင်မြတ်စွာဘုရားအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူနိုင်ရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအစီအမံတွင် ထည့်သွင်းနိုင်ရေး၊ ရွှေကျီးမြင်မြတ်စွာဘုရား ပရိဝုဏ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ ခရီးသွားနှင့် ဘုရားဖူးပြည်သူများ သက်တောင့်သက်သာနှင့် စိတ်အေးချမ်းသာစွာ ဘုရားဖူးနိုင်ရေး၊ စိန်ဖူးတော်နှင့် ရွှေထီးတော်တင်မင်္ဂလာ အခမ်းအနားကျင်းပနိုင်ရေး၊ နိုင်ငံခြားသားများ လာရောက်ပါက အထောက်အကူဖြစ်စေရေးအတွက် ခရီးသွားလာမှုဆိုင်ရာ လမ်းညွှန်၊ မြေပုံနှင့် ဆိုင်းဘုတ်များအား မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာနှင့် တရုတ်ဘာသာတို့ဖြင့် ပြုလုပ်ထားရှိရေး၊ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူနိုင်ရန်အတွက် အလှူငွေများ ရရှိရေးလုပ်ငန်းများကို အသီးသီးဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးတင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ခရိုင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သိရသည်။**(ဝ၉၃)**

# လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ပုဗ္ဗသီရိ ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်မြတ်နိုးသူ အမျိုးသမီးအသင်း (Women Club)တို့ပူးပေါင်း၍ စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီက လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ ကျင်းပသည်။

စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပုဗ္ဗသီရိမြို့နယ်ရုံးမှ မြို့နယ်ဦးစီးမှူး ဒေါ်နန်းဆွေဆွေအေးက စာဖတ်ဝိုင်းကျင်းပရခြင်းသည် စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် စာဖတ်သူအချင်းချင်း အသိပညာများ ဖလှယ်နိုင်စေရန် ရည်ရွယ်၍ ပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး စာဖတ်ဝိုင်းကို ဆက်လက်ကျင်းပရာ စာပေချစ်မြတ်နိုးသူ အမျိုးသမီးအသင်း(Women Club) အသင်း အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ထက်မျက်လွင်၊ ဒေါ်မေမြတ်ဦးခင်၊ ဒေါ်နီနီလွင်၊ ဒေါ်သက်မှူးခိုင်တို့က စာရေးဆရာ အောင်သင်း ရေးသားသော အတွေ့အကြုံနှင့် အတွေးအကြံစာအုပ်ဖြင့် စာအုပ်တွင်ပါရှိသော ခေါင်းစဉ်များအနက်မှ မိမိတို့ ကြိုက်နှစ်သက်ရာ တစ်ခုချင်းအလိုက် ဖတ်ကြားဆွေးနွေးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ပုသိမ်ကြီး ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် ဟင်းရွက်စုကျေးရွာ၌ စက်ရေတွင်း တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။ **(အောက်ပုံ)**



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှမြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများနှင့် ဟင်းရွက်စုကျေးရွာရှိ ကျေးရွာရေကော်မတီဝင်များနှင့်အတူ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်းများကို ထိန်းသိမ်းစောင့်ရှောက်သွားကြရန် မှာကြားသည်။

အဆိုပါလုပ်ငန်းများကို ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ ၄၄ ဒသမ ၄၈ သန်းဖြင့် ဟင်းရွက်စုကျေးရွာ၌ အကျယ် ၄ လက်မခွဲ၊ အနက်ပေ ၅၀၀၊ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်း၊အလျား ၅ ပေ၊ အနံ ၅ ပေ၊ အမြင့် ၇ ပေ၊ ရေစက်ရုံတည်ဆောက်ခြင်း၊ ရွာတွင်း ရေပိုက်လိုင်းသွယ်တန်းခြင်း ၂လက်မ PVCအရှည်ပေ ၅၂၈၀ သွယ်တန်းခြင်းလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ ယခုဘဏ္ဍာရေးနှစ် မေလ စတုတ္ထအပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးဖြစ်၍ ဟင်းရွက်စုကျေးရွာရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

**(ဝ၄၀)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအပေါ်ချီးမြှင့်သည့် စွမ်းဆောင်မှုနှင့် လွှမ်းခြုံမှုအကောင်းဆုံး တတိယဆုရရှိသည့် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုအပေါ်ချီးမြှင့်သည့် စွမ်းဆောင်မှုနှင့် လွှမ်းခြုံမှုအကောင်းဆုံး အထူးဆုရရှိသည့် ကချင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌအား ဆုပေးအပ်ချီးမြှင့်စဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းက မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ်အနေဖြင့် မြန်မာ နိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ပြီးအမျိုးသမီးဖွံ့ဖြိုးတိုးတက် ရေးနှင့်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များတွင် တက်ကြွစွာ ဖြင့် ထဲထဲဝင်ဝင် အစဉ်ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကာ မြန်မာ နိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီ၏ ဦးဆောင်လမ်းညွှန်မှု ဖြင့် ရေးဆွဲခဲ့သည့် အမျိုးသမီး များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာ စီမံကိန်း (၂၀၂၃ - ၂၀၃၂)၏ လုပ်ငန်းစဉ်များ အကောင်အထည် ဖော် ဆောင်ရွက်ရာတွင်လည်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အနေဖြင့် မြန်မာနိုင်ငံ အမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးများ အပေါ် အကြမ်းဖက်မှုကင်းဝေး လျော့ကျရေး၊ သဘာဝဘေးနှင့် အရေးပေါ် အခြေအနေများအပေါ် ပံ့ပိုးဆောင်ရွက်ပေးရေး၊ အမျိုး သမီးများစွမ်းဆောင်ရည် မြင့်မား လာစေရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ အမျိုးသမီးများ၏ ဘဝရပ်တည်နိုင်ရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ ကဏ္ဍများ တွင်သာမက နိုင်ငံတကာနှင့် ဒေသတွင်း အမျိုးသမီးအရေး ဆိုင်ရာ ကိစ္စရပ်များတွင်လည်း အားသွန်ခွန်စိုက် ကြိုးပမ်းဆောင် ရွက်ပေးလျက်ရှိသည်ကို သိရှိရပါ ကြောင်း။



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး စွမ်းဆောင်မှု အကောင်းဆုံးတတိယဆုရရှိသည့် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အနေဖြင့် ကျား၊မ တန်းတူ ညီမျှရေးနှင့် အမျိုးသမီးများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် နိုင်ငံတော် က ဆောင်ရွက်နေသည့် နိုင်ငံ တကာကတိကဝတ်များ၊ အာဆီယံ လုပ်ငန်းစဉ်များတွင်လည်း အတူ ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိ သည်ကို သိရှိရပြီး ဆက်လက်၍ ကြိုးပမ်း ဆောင်ရွက်ပေးကြစေလို ကြောင်း၊အမျိုးသမီးများ စွမ်းဆောင် ရည်မြင့်မားစေရန်နှင့် ဝင်ငွေရ အသက်မွေးဝမ်းကျောင်းလုပ်ငန်း များ လုပ်ကိုင်နိုင်ရန်အတွက် အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း ၁၁ ကျောင်း ဖွင့်လှစ်ထားရှိပြီး ကျောင်း အခြေပြုနှင့် ရပ်ရွာအခြေပြု သင်တန်းများ ဖွင့်လှစ်သင်ကြား ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် သဘာဝဘေး၊ လူကြောင့်ဖြစ်သည့် ဘေးဖြစ်ပွားရာ ဒေသများတွင် ရှိသည့် ယာယီခိုလှုံရေးစခန်းနှင့် IDP Camp များမှ ပြည်သူများ အတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်သင်ကြား ပေးခြင်း လုပ်ငန်းအစီအစဉ်များကို လည်း ဆောင်ရွက်ပေးလျက်ရှိပါ ကြောင်း။ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် အတွင်း ဧပြီလမှ ဇန်နဝါရီလအထိ အိမ်တွင်းမှုအသက်မွေးဝမ်းကျောင်း သင်တန်းများကို ၁၇၆ ကြိမ်၊ သင်တန်းတက်ရောက်သူ ၄,၂၂၂ ဦး ဖြင့် ဖွင့်လှစ်နိုင်ခဲ့ပြီး ၅၉၄ ဦးကို အလုပ်အကိုင် ချိတ်ဆက်ပေးနိုင် ခဲ့ပါကြောင်း။

အမျိုးသမီးကဏ္ဍ ဘက်စုံဖွံ့ဖြိုး တိုးတက်စေရန် ဆောင်ရွက်ရာ တွင် နိုင်ငံတော်အစိုးရနှင့်အတူ အမျိုးသမီး အဖွဲ့အစည်းများ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများအားလုံး ပူးပေါင်း ဆောင်ရွက်နိုင်မှုသည် အရေးကြီးသည်ကို တွေ့ရှိရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုး သမီးများနှင့် အမျိုးသမီးငယ်ရွယ် များ ရင်ဆိုင်တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို ဖြေရှင်းဆောင် ရွက်ပေးနိုင်ရန် အားလုံးဝိုင်းဝန်း ပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက် ပေးကြရန် တိုက်တွန်းမှာကြား လိုပါကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးတွင်လည်း အားလုံး တက်ကြွစွာ ပါဝင်ဆွေးနွေးပြီး ကောင်းမွန်သည့် ရလဒ်ကောင်း များ ရရှိကြပါစေကြောင်း ပြောကြား သည်။ စာမျက်နှာ ၄ သို့ ☆



ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း လွှမ်းခြုံမှုအကောင်းဆုံး ပထမဆုရရှိသည့် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

☆ စာမျက်နှာ ၃ မှ

ထို့နောက်မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် လှုပ်ရှားမှု မှတ်တမ်းဗီဒီယိုကို ဖွင့်လှစ်ပြသသည်။

**ဆုများပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှက မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအပေါ် ချီးမြှင့်သည့် စွမ်းဆောင်မှုနှင့် လွှမ်းခြုံမှုအကောင်းဆုံး ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ တတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် အထူးဆုရရှိသည့် ကချင်ပြည်နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက များနှင့် ဥက္ကဋ္ဌတို့က စွမ်းဆောင်မှု အကောင်းဆုံးပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ ဂုဏ်ပြုဆု၊ အထူးဆုနှင့် လွှမ်းခြုံမှုအကောင်းဆုံး ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ အထူးဆုနှင့် ချီးမြှင့်ပံ့ပိုးမှုဆုတို့ ရရှိကြသည့်မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့တို့မှ ဥက္ကဋ္ဌများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်း ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဆက်လက် ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ သက်သက်ဇင်က အမှာစကား ပြောကြားသည်။

**နှစ်ရက်တာ ကျင်းပမည်**

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ(၁)တို့က သဘာပတိအဖြစ် ဆောင်ရွက်ကာ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့များမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြကြရာ တင်ပြချက်များအပေါ် သဘာပတိများက ပြန်လည်သုံးသပ် ဆွေးနွေးခဲ့ကြကြောင်းနှင့် အဆိုပါ နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၇ ရက်အထိ နှစ်ရက်တာ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အာဆီယံ-ပါကစ္စတန်မီဒီယာကဏ္ဍ ပူးပေါင်းမြှင့်တင်ရေး ပထမဆုံးအကြိမ် အလုပ်ရုံဆွေးနွေး



နေပြည်တော် ဖေဖော်ဝါရီ ၂၆

အာဆီယံနိုင်ငံများနှင့် ပါကစ္စတန်နိုင်ငံတို့အကြား ပထမဆုံးအကြိမ်အဖြစ် မီဒီယာပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၃ ရက်အထိ ပါကစ္စတန်နိုင်ငံ၌ ပြုလုပ်သည်။

အဆိုပါအစီအစဉ်ကို ပါကစ္စတန်နိုင်ငံ ပြန်ကြားရေးနှင့် ရုပ်သံထုတ်လွှင့်ရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ အာဆီယံနိုင်ငံများမှ လုပ်သက် ရှစ်နှစ်အထက် သတင်းမီဒီယာသမား ၂၂ ဦး တက်ရောက်ခဲ့ကြသည်။ အဆိုပါကာလအတွင်း မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း၊ မီဒီယာဖွံ့ဖြိုးမှု သင်တန်းကျောင်းများ၊ နိုင်ငံပိုင်မီဒီယာများလေ့လာခြင်းနှင့် စီးပွားရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းများဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ခြင်းနှင့် လေ့လာခြင်းအစီအစဉ်များ ပါဝင်သည်။

အဆိုပါအစီအစဉ်တွင် အာဆီယံမီဒီယာအဖွဲ့သည် ပါကစ္စတန်နိုင်ငံ၏ မီဒီယာကဏ္ဍပြုပြင်ပြောင်းလဲမှုများ၊ ဒစ်ဂျစ်တယ်မီဒီယာအသွင်ကူးပြောင်းမှုအခြေအနေများ၊ အာဆီယံနိုင်ငံအသီးသီးနှင့် ကုန်သွယ်မှု၊ ခရီးသွားလာမှုအခြေအနေများအပါအဝင် မြို့တော်အစ္စလာမ်မာဘတ်နှင့် မာရီမြို့၊ ဗုဒ္ဓရှေးဟောင်းအမွေအနှစ်နေရာဖြစ်သည့် တက္ကသီလာဒေသများသို့ သွားရောက်လေ့လာခဲ့ကြသည်။

**ပဏာမခြေလှမ်းဖြစ်**

အာဆီယံအနေဖြင့် မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် မီဒီယာ အပြန်အလှန်ချိတ်ဆက်မှုသည် လိုအပ်ပြီး ယခုအကြိမ်သည် အာဆီယံအနေဖြင့် ပါကစ္စတန်နိုင်ငံနှင့် ပထမဆုံးအကြိမ် မီဒီယာဖလှယ်မှုအစီအစဉ်အဖြစ် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အာဆီယံနိုင်ငံအသီးသီးမှ မီဒီယာများအနေဖြင့် ပါကစ္စတန်နိုင်ငံနှင့် ပိုမိုနီးကပ်သည့် ဆက်ဆံရေးကို ရရှိလာနိုင်ပြီး ယဉ်ကျေးမှုအပါအဝင် ကဏ္ဍအသီးသီးတွင် သတင်းအချက်အလက်များ ပိုမိုရရှိလာနိုင်မည့်ပဏာမခြေလှမ်းပင်ဖြစ်ကြောင်း အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးဌာနမှ မစ္စ Wadia Librianti က ပြောကြားသည်။

အာဆီယံမီဒီယာအဖွဲ့သည် ပါကစ္စတန်နိုင်ငံ၏ သတင်းအချက်ဝန်ဆောင်မှုဆိုင်ရာ အင်စတီကျူ (Information Service Academy) ၌ အာဆီယံ-ပါကစ္စတန်မီဒီယာဖလှယ်မှုဆိုင်ရာ နှစ်ရက်တာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြပြီး သတင်းမီဒီယာကျွမ်းကျင်သူများနှင့် အတွေ့အကြုံများ ဖလှယ်ခြင်း၊ သတင်းအချက်အလက်တင်ဆက်၊ ထုတ်လွှင့်၊ ရေးသား၊ ဖော်ပြခြင်းဆိုင်ရာများ၊ သတင်းတု၊ သတင်းမှားများ အန္တရာယ် စသည့်အကြောင်းအရာများကို ပါကစ္စတန်နိုင်ငံမှ တာဝန်ရှိသူများနှင့် အာဆီယံမီဒီယာများအကြား အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ထို့အတူ တပ်မတော်၏ မီဒီယာနှင့် ပြည်သူ့ဆက်ဆံရေးဌာနအပါအဝင် သတင်းနှင့် အသံလွှင့်ဌာန၊ သတင်းနည်းပညာအင်စတီကျူ၊ Pakistan Electronic Media Regulatory Authority (PEMRA) စသည့် မီဒီယာများသို့ သွားရောက်လေ့လာခဲ့ကြောင်း သိရှိရသည်။

ခင်ရတနာ





ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၀၀ ထပ်မံဖော်ထုတ် ထိန်းသိမ်းခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၂၆

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကို နိုင်ငံတကာနှင့်ပူးပေါင်း၍ ထိထိရောက်ရောက် ဖော်ထုတ်အရေးယူ နှိမ်နင်းဆောင်ရွက်လျက်ရှိသည်။

အထူးသဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ယနေ့တွင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ KK Park နှင့် မယ်ထော်သလေးနယ်မြေတို့တွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၀၀ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေး လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများက ပြန်လည်လွှဲပြောင်းပေးရန် အသင့်ဖြစ်နေသည့် ပြည်ပနိုင်ငံသားများအား ကောင်းမွန်စွာထိန်းသိမ်းထားရှိမှုနှင့် ယနေ့ ထပ်မံထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၂၇၃၈ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၆၇၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၀၆၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

သတင်းစဉ်





# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Ms. Ma Jia နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**မန္တလေး ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှင့် အဖွဲ့အား ယနေ့ နံနက်ပိုင်းက မန္တလေးမြို့ တော်စည်ပင်သာယာရေးကော်မတီရုံး ယုဇနဧည့်ခန်းမတွင် လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးနှင့် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံစဉ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာဖြင့် ကဏ္ဍများအလိုက် လက်ရှိတွင် ပူးပေါင်းဆောင်ရွက်နေသည့်ကိစ္စရပ်များနှင့် မြန်မာ-တရုတ်ချစ်ကြည်ရေးကို ပိုမိုတိုးမြှင့်ကာ အနာဂတ်တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို နွေးထွေးစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီးနောက် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## ညောင်ဦးမြို့နယ်တွင် (VDP)စီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း (၁၈)ခု ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီး

**ညောင်ဦး ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP) စီမံကိန်းရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း(၁၈)ခုကို ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ညောင်ဦးမြို့နယ်၌ ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP) စီမံကိန်းဖြင့် သောက်သုံးရေ ဖူလုံစေရန် စက်ရေတွင်း ဆိုလာတပ်ဆင်ခြင်းလုပ်ငန်း(၁၀)ခု၊ သွားလာရေး အဆင်ပြေစေရန် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း လေးခု၊ ကျေးရွာတွင်း ရေစီးရေလာကောင်းမွန်ရေး အုတ်ရေမြောင်းတည်ဆောက်ခြင်း လုပ်ငန်း တစ်ခု၊ ကျေးရွာတွင်းလမ်းပေါ် Slab Culvert ခင်းခြင်း လုပ်ငန်း တစ်ခု၊ မိုဘိုင်းဆိုလာရေသန့်စက် တပ်ဆင်ခြင်းလုပ်ငန်း တစ်ခု၊ မြစ်ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း တစ်ခု၊ စုစုပေါင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်း(၁၈)ခုကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP)စီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးရွာတစ်ရွာလျှင် (VDP)စီမံကိန်းရန်ပုံငွေ ကျပ်သိန်း (၁၅၀)စီ ထောက်ပံ့၍ ကျေးရွာပြည်သူများ၏ ထည့်ဝင်ငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီဆောင်ရွက်ပြီးစီးရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လိုအပ်သော နည်းပညာများကို ပံ့ပိုးကူညီပေးခဲ့ပြီး ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဦးဆောင်၍ ၂၀၂၄ခုနှစ် ဩဂုတ်လမှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ညောင်ဦးမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP)စီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာများမှ ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ၊ သပြေအိုင့်ကျေးရွာ၊ မှန်တောကျေးရွာ၊ သနပ္ပင်ကျေးရွာ၊ ဇီးအိုကျေးရွာ၊ ဇကကျေးရွာ၊ ရွှေကဖြူကျေးရွာ၊ ပန်းကုန်းပင်ကျေးရွာ၊ ထရိုင်းတောကျေးရွာ၊ အိုင့်ကြီးကျေးရွာ၊ ညောင်ပင်သာကျေးရွာ၊ ဖွားစော(ရ)ကျေးရွာ၊ ဖွားစော(န)ကျေးရွာ၊ မြေနဲလေးကျေးရွာ၊ လက်ဝဲကျေးရွာနှင့် တောင်ဘကျေးရွာတို့ဖြစ်ကာ ယခုအခါ ကျေးရွာနေပြည်သူများ၏ စုပေါင်းအားဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း (၁၈)ခုကို အောင်မြင်စွာ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ စုစုပေါင်း အိမ်ခြေ ၄၁၀၃အိမ်၊ အိမ်ထောင်စု ၄၂၇၇စု၊ လူဦးရေ ၁၈၅၈၉ဦးအတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။



**(၄၄၅)**

## မီးခိုးမြူငွေ့ညစ်ညမ်းမှုအကြောင်း သိကောင်းစရာ အသိပညာပေး ဟောပြော

**စဉ့်ကိုင် ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းပြီး မီးခိုးမြူငွေ့ညစ်ညမ်းမှုအကြောင်း သိကောင်းစရာ အသိပညာပေး ဟောပြောပွဲကို စဉ့်ကိုင်မြို့နယ်၊ ကျွန်းဦးကျေးရွာ၌ ယမန်နေ့ နံနက် ၁၀နာရီက ကျင်းပခဲ့သည်။



ရှေးဦးစွာ ဟောပြောပွဲတွင် ကျောက်ဆည်ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမျိုးသီဟက မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်နှင့် ပတ်သက်သည့် အကြောင်းအရာများကို အသိပညာပေး ဟောပြောခဲ့ပြီး Understanding PM 2.5 အသိပညာပေး Video Clip အား ပြသခဲ့သည်။ ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်ခင်စိုးစံက အမျိုးသမီးများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ အသိပညာပေးဟောပြောခဲ့ကြောင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများက တက်ရောက်လာသော ကျေးရွာသူ၊ ကျေးရွာသားများအား ပတ်ဝန်း ကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ဟောပြောပွဲသို့ ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမျိုးသီဟနှင့် ဝန်ထမ်းများ၊ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မီမီအောင်နှင့် ဝန်ထမ်းများ၊ ကျွန်းဦး ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

## ဆောင်းရာသီတွင် စိုက်ပျိုးထားသော ကြက်သွန်ခင်းများ အောင်မြင်ဖြစ်ထွန်း

**တံတားဦး ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၌ ဆောင်းသီးနှံများဖြစ်သည့် နေကြာ၊ ကုလားပဲ၊ ဂျုံ အစရှိသော သီးနှံများကို စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ် ဆောင်းရာသီတွင် စိုက်ပျိုးထားကြသည့် ကြက်သွန်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ကြက်သွန်စိုက်ပျိုးလုပ်ကိုင်သူ ဦးအောင်ကျော်မြင့်ထံမှ သိရသည်။

"ဒီနှစ်စိုက်ပျိုးထားတဲ့ ကြက်သွန်များကို မြေအောက်ရေတင်ပြီး မြေဧက (၁ ဒသမ ၅) ဧကကို အရှည်ပေ ၇၃ပေ အကျယ် ၅ပေခန့်ရှိ ကြက်သွန်များစိုက်ပျိုးရန် မြေပေါင်များ ပြုလုပ်၍ စိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ အရင်နှစ်တုန်းက ကြက်သွန် ပိဿာချိန် (၆၅၀၀) ကျော် ထွက်ရှိပါတယ်၊ ကြက်သွန်များ ရောင်းချချိန်တွင် ပေါ်ဦးပေါ်ဖျား အချိန်ကဆိုရင် တစ်ပိဿာကို (၃၀၀၀)ကျော်ရရှိပါတယ်၊ ယခုစိုက်ပျိုးထားတဲ့ ကြက်သွန်စိုက်ခင်းမှာ အောင်မြင်ဖြစ်ထွန်းနေပြီး သီးနှံပေါ်ချိန် ဈေးကောင်းရရှိဖို့ မျှော်လင့်နေပါတယ်"ဟု ဒေသခံ တောင်သူများထံမှ သိရသည်။

**ဦးရဲတင့်(ပြန်/ဆက်)**

၀-၀-၀-၀-၀

# မန္တလေးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် မဟာအောင်မြေခရိုင်မှ မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ တွေ့ဆုံ

**မန္တလေး ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့နှင့်ခရိုင်/မြို့နယ်ပြည်သူ့စစ်မှု ထမ်းဆင့်ခေါ်ရေးအဖွဲ့များ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက မန္တလေး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၃၀ ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၂)၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုး၊ မဟာအောင်မြေခရိုင်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ၊ ချမ်းအေးသာစံမြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မဟာအောင်မြေမြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နှင့် အဖွဲ့ဝင်များ၊ မဟာအောင်မြေမြို့နယ်နှင့်ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ရပ်ကွက်များမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် အောင်မြေသာစံမြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက တစ်ဦးချင်းမိတ်ဆက်ကြပြီး မန္တလေးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂)၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အမှာစကားပြောကြားသည်။

အမှာစကားပြောကြားရာတွင် စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နည်းဥပဒေအရ စနစ်တကျဆောင်ရွက်ရန်၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအနေဖြင့် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် အထူးဂရုပြုဆောင်ရွက်ရန်၊ ရပ်ကွက်များအတွင်း ထူးခြားဖြစ်စဉ်များရှိပါက ချက်ချင်းသတင်းတင်ပြနိုင်ရေးဆောင်ရွက်ရန်၊ ရပ်ကွက်အတွင်း မူးယစ်ဆေးဝါးနှင့် လောင်းကစားဆောင်ရွက်မှုများအား ထိရောက်စွာ အရေးယူသွားရန် လိုအပ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရာတွင် စာရင်းဇယားများ တိကျမှန်ကန်မှုရှိစေရေး၊ အဂတိကင်းရှင်းရေးနှင့် ပြည်သူများယုံကြည်မှုရှိအောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

၎င်းနောက် ခရိုင်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသော အခက်အခဲများကို တင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂)၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)

(၀၉၃)

## ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့နေရပါက နိုင်ငံသားများအပေါ် အလေးအနက်ထား တန်ဖိုးထားသည့်အနေဖြင့် မည်သို့သော အခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာသံရုံးများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာ အမြန်ဆုံး ပြန်လည်ရောက်ရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အလုပ် လုပ်ကိုင်စဉ် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မအိရွှေစင်အား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံးအနေဖြင့် လူဝင်မှုကြီးကြပ်ရေးဌာန သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၅ ရက်တွင် ရီရတ်ဒ်-မတ်စကတ်-ဗန်ကောက်-ရန်ကုန် လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၀ နာရီ ၃၃ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ပတွင် အလုပ် လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများကို ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။ ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ-ကနူး



## အခြေခံသမဝါယမအသင်းသားများ စိုက်ပျိုးခဲ့သည့် နေကြာသီးနှံများ စတင်ရိတ်သိမ်းရာ နေကြာတင်းပေါင်း ၁၁၇၇၃၂ တင်း ထွက်ရှိ

**ကျောက်ဆည် ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အခြေခံသမဝါယမအသင်းသားများ စိုက်ပျိုးခဲ့သည့် နေကြာသီးနှံ ၃၉၆၄ ဧက ရိတ်သိမ်းရာ နေကြာတင်းပေါင်း ၁၁၇၇၃၂ တင်း ထွက်ရှိကြောင်း မြို့နယ်သမဝါယမဦးစီးဌာနမှ သိရသည်။

အဆိုပါ ရိတ်သိမ်းခဲ့သော နေကြာစိုက်ခင်းများသည် သင်ပုတ်၊ မြင်းတွင်း၊ မြင်းချိုနိုင်၊ မြင်းကဘက်၊ လက်ပန်ဇင်၊ ပေါင်လောင်လေး၊ ရွှေဦးမြေ၊ သံ-နောက်၊ ကင်း၊ တောင်တော်၊ မြေစိုမိုးကောင်း၊ ဆူးလေကုန်း၊ ကျားကာ၊ လယ်ကြီး၊ ကလေး၊ လေးဆယ်ကုန်း၊ တောတွင်၊ စိုင်မလန်း၊ ကိုးပင်၊ ဖျောက်ဆိပ်ပင်၊ ပဲခင်း၊ ရွာသစ်၊ ရဲရွာ၊ မြင်းစိုင်း၊ ရှမ်းတောင်ဦး၊ သင်္ဂတုန်၊ ချောင်းဆုံ၊ ရဲဘော်ကြီး၊ ရွှေဒါး၊ အရှေ့ငယ်တိုး၊ မှိုင်းပန်၊ ရေကြည်စသည့် စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမ၊ လယ်ယာမြေနှင့် အထွေထွေသမဝါယ၊ စိုက်ပျိုးရေးနှင့် အထွေထွေထုတ်လုပ်ရေး အခြေခံသမဝါယမအသင်း (၄၃) သင်းမှ အသင်းသားတောင်သူများ စိုက်ပျိုးထားသည့် နေကြာစိုက်ခင်းများဖြစ်သည်။

ကျောက်ဆည်မြို့နယ်တွင် နေကြာသီးနှံစိုက် တောင်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အထွက်နှုန်းကောင်းမွန်ပြီး အကျိုးအမြတ်ရရှိရေး ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများနှင့် ပူးပေါင်းပြီး သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် ပြောင်းလဲစိုက်ပျိုးရေး၊ မြို့နယ်သမဝါယမဦးစီးဌာနမှ သွင်းအားစုများ ထောက်ပံ့ပေးခြင်း၊ ဆက်စပ်ဌာနများ ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၈၅)

## မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (၁) ဒေါက်တာ ခိုင်ခိုင်စိုး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့အင်အားဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့အင်အားဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |
| (၂) ဦးခင်မောင်လှိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့်<br>ကူးသန်းရောင်းဝယ်ရေး<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့်<br>ကူးသန်းရောင်းဝယ်ရေး<br>ဝန်ကြီးဌာန |
| (၃) ဒေါက်တာ သန့်စင်အေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတိုင်းရင်းသား<br>ဘာသာစကားဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတိုင်းရင်းသား<br>ဘာသာစကားဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၄) ဒေါက်တာ မြသန္တာ<br>ဒုတိယပါမောက္ခချုပ်<br>မိတ္ထီလာစီးပွားရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မိတ္ထီလာစီးပွားရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## (၁၄၆)ကြိမ်မြောက် သွေးလှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၂၆**

မန္တလေး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ ထထ(၁၂)နေ စိန်ညီအစ်ကို စေတနာသွေးလှူရှင်အဖွဲ့မှ ဦးတင်မြင့်(လူမှုထူးချွန်ပထမအဆင့်၊ ရတနာပုံလူမှုရေးဆိုင်ရာ ထူးချွန်လက်မှတ်၊ အလုပ်ရုံစိတ်မှူး(ငြိမ်း) မြန်မာ့သဘော်ကျင်းသည် ယမန်နေ့နံနက် ၁၀ နာရီက မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးတွင် တက်ရောက် ကုသမှုခံယူနေသော လူနာများအတွက် အမျိုးသားသွေးလှူဘဏ်တွင် (၁၄၆) ကြိမ်မြောက်အဖြစ် ဇီဝိတဒါန



သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၀၄၁)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ




## Akshay Kumar ၏ ဇာတ်ကားသစ် Sky Force မှာ ဖြစ်ရပ်မှန်ကားဖြစ်

ဘောလိဝုဒ်အနုပညာရှင် အရှေးကူးမား အဓိကပါဝင်ထားသည့် Sky Force ရုပ်ရှင်မှာ ဖြစ်ရပ်မှန်ကို အခြေခံရိုက်ကူးတင်ပြထားပြီး အရှေးကူးမား၏ ဇာတ်ကား ၁၅၀ ကျော်ရုပ်ရှင်လည်း ဖြစ်ကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ရုပ်ရှင်တွင် အိန္ဒိယ၏ ပထမဆုံးသော လေကြောင်းတိုက်ခိုက်မှုဖြစ်သည့် ၁၉၆၅ ခုနှစ် အိန္ဒိယပါကစ္စတန်လေကြောင်းစစ်ပွဲအကြောင်း ဖြစ်ရပ်မှန်ကို အခြေခံရိုက်ကူးထားသည်။

အရှေးကူးမား၊ ဗီယာပါဟာရီယာ၊ ဆာရာအလီခန်နှင့် နီမတ်ကူရာတို့ ပါဝင်ထားကြကာ ဗီယာပါဟာရီ၏ ပထမဆုံးပွဲဦးထွက်ရုပ်ရှင်လည်းဖြစ်သည့်အပြင် ဆယ်ကျော်သက်အချစ်ဟောင်း မင်းသမီး ဆာရာအလီခန်းနှင့် တွဲဖက်သရုပ်ဆောင်ထားသည်။

အရှေးကူးမား ရုပ်ရှင်ပေါင်း ၁၅၀ ကျော်တွင် ပါဝင်ခဲ့ပြီး ဖြစ်ရပ်မှန်အခြေခံသည့် ဇာတ်ကားနှင့်ပတ်သက်၍ ထူးခြားအားကောင်းသည့် အရာတစ်ခုရှိကြောင်း၊ ယင်းရုပ်ရှင်တွင် သမိုင်း၌ မသိသေးသော အကြောင်းအရာများ၊ ဂုဏ်သတ္တိနှင့် မျိုးချစ်စိတ်တို့ကို မျှဝေပေးရန် တိုက်တွန်းသည့် ဇာတ်ကားဖြစ်သည်ဟု ပြောကြားခဲ့ကာ ဇန်နဝါရီ ၂၄ ရက်က ထုတ်လွှင့်ပြသခဲ့သည်။

(SKY)

## IU နှင့် Song Ji Hyo တို့ ရင်းနှီးခင်မင်မှုရှိကြ

သရုပ်ဆောင်အဆိုတော်နှစ်ဦးဖြစ်ကြသည့် အိုင်ယူနှင့် ဆောင်းဂျီဟိုတို့မှာ ရင်းနှီးခင်မင်မှုရှိခဲ့ကြပြီး Running Man တွင် အတူပါဝင်ခဲ့ရာမှ ပရိသတ်ဝေဖန်မှုများရှိခဲ့ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ရသစုံအစီအစဉ်တွင် အိုင်ယူ ပါဝင်ခဲ့ရာမှ ရေနစ်ခဲ့၍ နောက်လာရန် စဉ်းစားနေခဲ့ကြောင်း၊ ဆောင်းဂျီဟိုမှာ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး အမျိုးသားများနှင့် တန်းတူလုပ်ဆောင်နိုင်သော်လည်း ပိုးကောင်ကြောက်သူဖြစ်ကာ အဆိုပိုင်းတွင် အားနည်း၍ သရုပ်ဆောင်ရာတွင်လည်း ကျော်ကြားမှုမရခဲ့ကြောင်းတို့ကို ပရိသတ်များက နှစ်ဦးသားယှဉ်ထိုး၍ ဝေဖန်ထားကြသည်။

မတူသော နယ်ပယ်တွင် အောင်မြင်မှုကိုယ်စီရရှိထားကြသည့် အနုပညာရှင်နှစ်ဦးမှာ ရင်းနှီးခင်မင်မှုမပျက် ဆက်လက်တည်ရှိနေကြဆဲ ဖြစ်သည်။ (SKY)



## ဒိန်ချဉ်ကို ပုံမှန်စားသုံးခြင်းဖြင့် အူမကြီးကင်ဆာဖြစ်ပွားနိုင်ခြေကို လျှော့ချနိုင်မည်



သိပ္ပံပညာရှင်များက ဒိန်ချဉ်ကို ပုံမှန်စားသုံးခြင်းဖြင့် အူမကြီးကင်ဆာတစ်မျိုးဖြစ်ပွားနိုင်ခြေကို လျှော့ချနိုင်ကြောင်း မကြာသေးမီကတွေ့ရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၁၂ ရက်တွင် ထုတ်ဝေသော အူပိုးမွှားများ ဂျာနယ်တွင် ဖော်ပြသည်။

ဆယ်စုနှစ်များစွာ စုဆောင်းထားသော ကျန်းမာရေးဆိုင်ရာဒေတာများကို အသုံးပြု၍ အမေရိကန်ကင်ဆာပါမောက္ခ အောဂိနော ဦးဆောင်သော သုတေသီများက ဒိန်ချဉ်နှင့် အူမကြီးကင်ဆာတို့အကြား ဆက်စပ်နေပုံအကြောင်း စူစမ်းလေ့လာရာမှ ထိုသို့တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

ဒိန်ချဉ်တွင် အူမကြီးကင်ဆာအပါအဝင် ရောဂါမျိုးစုံမှ ကာကွယ်ပေးနိုင်သည့် အသက်ရှင်သော ဘက်တီးရီးယားများ ပါဝင်လျက်ရှိရာ ဒိန်ချဉ်ကို ပုံမှန်စားသုံးခြင်းဖြင့် အူအတွင်း ပိုးမွှားများကို သက်ရောက်မှုရှိစေပြီး အူမကြီးကင်ဆာဖြစ်ပွားနိုင်ခြေကို လျှော့ချနိုင်မည့်သဘောဖြစ်ကြောင်း သိရသည်။

SCI

## Hi,Mom အပါအဝင် တရုတ်ရုပ်ရှင်များ ကမ္ဘာ့ဈေးကွက်ထိ ဦးဆောင်နေရာယူထား

၂၀၂၅ခုနှစ် နွေရာသီပွဲတော်အတွင်း တရုတ်ရုပ်ရှင်ဈေးကွက်သည် သမိုင်းဝင်ရလဒ်များနှင့် ရုံဝင်ခစံချိန်ချိုးခဲ့ကာ ကမ္ဘာတွင် ပထမနေရာရောက်ရှိခဲ့ပြီး တရုတ်ယဉ်ကျေးမှုလုပ်ငန်းလည်း ကြီးထွားလာကာ ပြည်တွင်းရုပ်ရှင်များဖြစ်သည့် Hi,Mom, Wolf Warrior 2 မှသည် The Wandering Earth 2 အပါအဝင် နိုင်ငံတကာဈေးကွက်ထိ ရောက်ရှိလာခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

စဉ်ဆက်မပြတ် နည်းပညာနည်းလမ်းများ တီထွင်ဆန်းသစ်ခြင်းဖြင့် တရုတ်ရုပ်ရှင်များသည် အမြင်ပိုင်းဆိုင်ရာ လုပ်ဆောင်မှုတွင် ကမ္ဘာ့ထိပ်တန်း ဦးဆောင်အဆင့်ရောက်ခဲ့ကာ Na Zha 2 တွင် အောင်မြင်မှုရရှိခဲ့ကာ အနာဂတ်တိုးတက်မှုသည် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများပြည့်နေရာမှ တရုတ်ရုပ်ရှင်ဈေးကွက် ရေရှည်တိုးတက်ရေးကို အာရုံစိုက်လာကြသည်။

ရုပ်ရှင်သည် ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းများကို နက်ရှိုင်းစွာ ပေါင်းစည်းခြင်းဖြစ်သည်ဟု ခံယူထားရာ တရုတ်ရုပ်ရှင်ကားများ ကမ္ဘာ့ဈေးကွက်ထိ ဦးဆောင်နေရာယူထားသည်။

(SKY)



## Kim Hee Won ဒါရိုက်တာအဖြစ် Light Shop ကို ဖန်တီးထား

ဝါရင့်အနုပညာရှင် မင်းသား ကင်ဟီဝမ်က ဒါရိုက်တာအဖြစ် Light Shop ကို ဖန်တီးထားပြီး ပရိသတ်ကြား ရေပန်းစားနေကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကင်ဟီဝမ်သည် ဇာတ်လမ်းတွဲများစွာနှင့် ရုပ်ရှင်ကားများတွင် ဇာတ်ပို့နေရာမှ ပါဝင်ထားပြီး လက်ရှိ အသက်(၅၃)နှစ် လူပျိုကြီးဖြစ်ကာ ၂၀၀၇ ခုနှစ်တွင် Miracle on the 1st Street ရုပ်ရှင်နှင့် ပွဲဦးထွက်ခဲ့သည့် ဆိုးလ်တက္ကသိုလ်မှ ပြဇာတ်ဘာသာနှင့် ဘွဲ့ရထားသူ ဖြစ်သည်။

ဒစ်စနေး၏ Light Shop ဒရမ်မာနှင့် Moving ဒရမ်မာတို့ကို စာရေးဆရာ ကန်ဖူက ရေးသားထားပြီး ဒါရိုက်တာ ကင်ဟီဝမ်က ဖန်တီးရိုက်ကူးထားရာ မင်းသမီး ဂိုယွန်ဂျောင်း၊ ပရိသတ်အချစ်တော် လူနာကယ်တင်သည့် ဆရာဝန်ဇာတ်ရုပ်နှင့် ဂျူဂျီဟွန်းတို့ အဓိကပါဝင်ထားသည်။

ဒါရိုက်တာ ကင်ဟီဝမ်၊ ဂျူဂျီဟွန်းတို့ကို လွန်ခဲ့သည့်လက Running Man အစီအစဉ်တွင် အတူပါဝင်ထားသည်ကို မြင်တွေ့ကြရသည်။


(SKY)



## Tom Cruise အမေရိကန်ရေတပ်မှ ဂုဏ်ထူးဆောင်ဆု ချီးမြှင့်ခံရ

ဟောလိဝုဒ်ထိပ်တန်း အနုပညာရှင် တွမ်ခရုစ်ကို အမေရိကန်ရေတပ်မှ Top Gun;Maverick ရုပ်ရှင်နှင့် ဂုဏ်ထူးဆောင်ဆု ချီးမြှင့်ခံရကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

စီအင်န်အန်သတင်းဌာန၏ ဖော်ပြချက်အရ ပင်တဂွန်ဌာနချုပ်တွင် ကျင်းပသည့် အခမ်းအနားတစ်ခုတွင် အဆိုပါဆုပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။



တွမ်ခရုစ်၏ သရုပ်ဆောင်စွမ်းရည်နှင့် ကြိုးပမ်းမှုကို အသိအမှတ်ပြုသည့်အနေဖြင့် ယင်းဆုကို ချီးမြှင့်ခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြထားကာ ၂၀၂၂ ခုနှစ်အတွက် Top Gun; ၏ နောက်ဆက်တွဲ Top Gun ; Maverick ကို ဝေဖန်ရေးသမားများကလည်း ချီးကျူးထားကြပြီး အောင်မြင်မှုရရှိခဲ့ကာ Navy ကို ခေတ်မီ၍ ဆွဲဆောင်မှုရှိသည့် ပုံစံနှင့် ဖော်ပြထားသည်။

တွမ်ခရုစ် ပါဝင်ထားသည့် ရုပ်ရှင်ကားများတွင် အနှစ်သာရပြည့်ဝပြီး သရုပ်ဆောင်စွမ်းရည်ပြည့်ဝ၍ ဇာတ်ကားကောင်းများဖြစ်သဖြင့် ပရိသတ်အားပေးမှု မြင့်မားခဲ့သည်။

(SKY)

## မင်းသမီး Kim Sea Ron အချိန်မတန်မီ ကြွေလွင့်သွား

ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၄ နာရီ ၅၀ မိနစ်တွင် မင်းသမီး ကင်ဆီရွန် နေအိမ်၌ သေဆုံးနေသည်ကို တွေ့ရှိကြောင်း ဒစ်စပတ်ချ်မှ တာဝန်ရှိသူက ထုတ်ပြန်ကြေညာထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အသက် ၂၄ နှစ်နှင့် အနုပညာရှင် ကင်ဆီရွန်ကွယ်လွန်ခြင်းနှင့် ပတ်သက်၍ ရာဇဝတ်မှု(သို့မဟုတ်) ပိုင်နက်ကျူးကျော်မှုလက္ခဏာများမရှိသော်လည်း အမှုကို ဆက်လက်စုံစမ်းမည်ဖြစ်သည်ဟု ရဲတပ်ဖွဲ့မှ ပြောကြားထားသည်။

ကင်ဆီရွန်သည် ကလေးသရုပ်ဆောင်အဖြစ် အနုပညာလောကသို့ စတင်ဝင်ခဲ့ပြီး The Man From Nowhere, Hi School Love On နှင့် Leverage ဇာတ်ကားများတွင် ပါဝင်ထားသည်။

(SKY)

# အမေရိကန်နှင့် သတ္တုဓာတ်များဆိုင်ရာ သဘောတူညီချက် ယူကရိန်းဘက်က လက်မှတ်ရေးထိုးနိုင်မည်ဟု မျှော်လင့်ထား

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၆**

ယူကရိန်းနိုင်ငံအနေဖြင့် အမေရိကန်ပြည်ထောင်စုနှင့် သတ္တုဓာတ်များဆိုင်ရာ သဘောတူညီချက်၏ စည်းကမ်းချက်များကို သဘောတူညီခဲ့ပြီး ဖေဖော်ဝါရီ ၂၈ရက်တွင် လက်မှတ်ရေးထိုးနိုင်မည်ဟု မျှော်လင့်ထားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။



ဂျိုးဘိုင်ဒန်လက်ထက်တွင် ရရှိခဲ့သော စစ်ပွဲအတွင်း အကူအညီပေးမှု ဒေါ်လာဘီလီယံပေါင်းများစွာအတွက် လျော်ကြေးအဖြစ် ၎င်း၏ရှားပါးမြေဩဇာသတ္တုများကို တူးယူခွင့်ပေးရန် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က တောင်းဆိုခဲ့သည်။

ယင်းသဘောတူညီချက်သည် အမေရိကန်ပြည်ထောင်စုအား ယူကရိန်း၏ သတ္တုဓာတ်ချမ်းသာမှုကို ပူးတွဲဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပြီး ဝင်ငွေများသည် အသစ်ဖန်တီးထားသော ယူကရိန်းနှင့် အမေရိကန်အတွက် ပူးတွဲရန်ပုံငွေသို့ သွားမည်ဖြစ်ကြောင်း အမည်မဖော်လိုသည့် ယူကရိန်း အဆင့်မြင့်အရင်းအမြစ်တစ်ခုက ထုတ်ဖော်ပြောကြားသည်။

အဆိုပါ သဘောတူညီချက်မူကြမ်းတွင် လုံခြုံရေးကို ရည်ညွှန်းထားသော်လည်း အမေရိကန်၏ ကတိကဝတ်များကို အတိအလင်းမဖော်ပြထားဘဲ ယခင်က ယူကရိန်း၏ သဘောတူညီမှုအတွက် တောင်းဆိုချက်တစ်ရပ်သာဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်၊ တိတ်ဗြိတိန်ခန်းမ၌ ယမန်နေ့က ကျင်းပသော ဘာဘာရီကုမ္ပဏီ၏ ဆောင်း၂၀၂၅ ဖက်ရှင်ပြပွဲတော်တွင် ဗြိတိသျှဖက်ရှင်မော်ဒယ် အယ်ရင်အိုကွန်နော် လမ်းလျှောက်ပြသနေစဉ်။ **Mon**

# ခြောက်ပတ်ကြာ ကျင်းပခဲ့သော မဟာကမ်ဘ်မီလာပွဲတော် နောက်ဆုံးပူဇော်သက္ကာယအစီအစဉ်များနှင့်အတူ ပြီးဆုံး

**ဒေလီ ဖေဖော်ဝါရီ ၂၆**

အိန္ဒိယနိုင်ငံ၌ ရက်သတ္တ ခြောက်ပတ်ကြာ ကျင်းပခဲ့သော မဟာကမ်ဘ်မီလာပွဲတော်သည် နောက်ဆုံးပူဇော်သက္ကာယအစီအစဉ်များနှင့်အတူ ဖေဖော်ဝါရီ ၂၆ရက်တွင် အဆုံးသတ်သွားပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုပွဲတော်ကာလအတွင်း လူပေါင်း ဒါဇင်နှင့်ချီ၍ သေဆုံးခဲ့သော်လည်း ဒေသဆိုင်ရာ အာဏာပိုင်များက လူအသေအပျောက်နှင့် ဒဏ်ရာရရှိမှု အနည်းဆုံးဖြစ်အောင် ကောင်းစွာ စီမံခန့်ခွဲနိုင်ခဲ့သည်။

မဟာကမ်ဘ်မီလာပွဲတော်သည် ဟိန္ဒူဒဏ္ဍာရီလာနတ်ဘုရားများနှင့် နတ်ဆိုးများအကြား ထာဝရအသက် ရေပါရှိသော ပုလင်းတစ်လုံးအတွက် ဖြစ်ပွားခဲ့သော တိုက်ပွဲတစ်ခုမှ အစပြုခဲ့ကြောင်း သိရသည်။

**Mon**



# ဘတ်စ်ကားမတော်တဆမှုဖြစ်ပွား ၁၉ဦး သေဆုံး

**ဘန်ကောက် ဖေဖော်ဝါရီ ၂၆**

ယမန်နေ့ကဖြစ်ပွားကာ လူ ၁၉ဦးထက်မနည်းသေဆုံးစေခဲ့သည့် ဘတ်စ်ကားမတော်တဆမှုကို စုံစမ်းစစ်ဆေးရန် ဝန်ကြီးချုပ် ပေတွန်တန်ရှီနာဝါထရာက အမိန့်ပေးခဲ့ကြောင်း ဒေသခံ ခါအိုဆော့သတင်းဌာနက ဖော်ပြသည်။

ပရာချင်ဘူရီလမ်းလုံခြုံရေးဌာန၏ ထုတ်ပြန်ချက်အရ ထိုမတော်တဆမှုသည် နာဒီခရိုင်တွင် ဒေသစံတော်ချိန် နံနက် ၃နာရီ မိနစ်၂၀ခန့်တွင် ဖြစ်ပွားခဲ့သည်။

စံချိန်စံညွှန်းများနှင့် မကိုက်ညီသော ယာဉ်များကို အသုံးပြုခြင်း သို့မဟုတ် မဆင်မခြင် ယာဉ်မောင်းခြင်းတို့ ပါဝင်ကြောင်းတွေ့ရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဟု ထိုင်းဝန်ကြီးချုပ်က အိတ်ခ်စ်လူမှုကွန်ရက်တွင် ရေးသားခဲ့ကြောင်း သိရသည်။

**Mon**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

၂၆-၂-၂၀၂၅ ရက်နေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ(၈)တွင် ဖော်ပြပါရှိသော ဂျပန်ကာကွယ်ရေးဝန်ကြီးနှင့် ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးတို့ တွေ့ဆုံမှုသတင်း ပုံစာတွင် ဂျပန်ကာကွယ်ရေးဝန်ကြီး၏ အမည်အား ဗိုလ်ချုပ်ကြီးနကတနိဟု မှားယွင်းဖော်ပြခဲ့ပါသည်။ သတင်းပုံစာ၏ ဂျပန်ကာကွယ်ရေးဝန်ကြီး၏ အမည်အား ဂျန်နကတနိ ဟု ပြင်ဆင်ဖတ်ရှုပါရန် အသိပေးအပ်ပါသည်။

**စာတည်းအဖွဲ့**



# တောင်ကိုရီးယားနိုင်ငံ၏ ၂၀၂၄ ခုနှစ် မွေးဖွားနှုန်း ကိုးနှစ်အတွင်း ပထမဆုံးအကြိမ် မြင့်တက်လာ

**ဆိုးလ် ဖေဖော်ဝါရီ ၂၆**

တောင်ကိုရီးယားနိုင်ငံ၏ မွေးဖွားနှုန်းသည် ၂၀၂၄ ခုနှစ်တွင် ကိုးနှစ်အတွင်း ပထမဆုံးအကြိမ် မြင့်တက်လာခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လက်ထပ်မှုများ တိုးလာခြင်းကြောင့် မွေးဖွားနှုန်း ထိုသို့မြင့်တက်လာခြင်းဖြစ်သည်ဟု ဖေဖော်ဝါရီ ၂၆ ရက်တွင် တောင်ကိုရီးယားစာရင်းအင်းဌာနက သတင်းထုတ်ပြန်သည်။

ထိုစာရင်းအင်းဌာန၏ အဆိုအရ ၂၀၂၄ ခုနှစ်က နိုင်ငံ၏ မွေးဖွားနှုန်းသည် အမျိုးသမီးတစ်ဦး၏ မျိုးပွားနိုင်သော ပမာဏမြင့်တက်လာကာ ဘဝတစ်လျှောက်တွင် မျှော်မှန်းထားသော ကလေးပျမ်းမျှအရေအတွက်သည် ၀ ဒသမ ၇၅ ရှိခဲ့သည်။

၂၀၂၃ ခုနှစ်တွင် မွေးဖွားနှုန်းသည် ရှစ်နှစ်ဆက်တိုက် ကျဆင်းလာခဲ့ပြီး ၂၀၁၅ ခုနှစ်က ၁ ဒသမ ၂၄မှ ၀ ဒသမ၇၂ အထိ ကျဆင်းသွားခဲ့သည်။ ယင်းပမာဏသည် ကမ္ဘာ့အနိမ့်ကျဆုံး မွေးဖွားနှုန်း ဖြစ်ပြီး ထိုသို့ လျင်မြန်စွာ ကျဆင်းမှုကြောင့် လူမှုအသိုင်းအဝိုင်းအပေါ် စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုများဖြစ်ပေါ်လာနိုင်သည်ဟု စိုးရိမ်မှုများ ရှိလာခဲ့ကြောင်း သိရသည်။

**Mon**

# ပါလက်စတိုင်းအကျဉ်းသား ၆၂၀ ဦးကို လွှတ်ပေးရန် အစ္စရေးဘက်က ပြန်လည်ညှိနှိုင်းပြီး သဘောတူညီ

**ဂျေရုဆလင် ဖေဖော်ဝါရီ ၂၆**

ကလေး ၂၃ ဦးနှင့် အမျိုးသမီးတစ်ဦးအပါအဝင် ပါလက်စတိုင်းအကျဉ်းသားများနှင့် စစ်သုံ့ပန်း ၆၂၀ ဦးကို လွှတ်ပေးရန် ဟားမတ်စ်ဘက်က မျှော်လင့်ထားသော်လည်း အစ္စရေးအရာရှိများက ယင်းလွှတ်ပေးမှုကို ရွှေ့ဆိုင်းထားခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဂါဇာကမ်းမြောင်ဒေသတွင် လက်ရှိပြတ်တောင်းပြတ်တောင်း ဆက်လက်တည်တံ့နေသော အပစ်အခတ်ရပ်စဲရေးကာလအတွင်း အစ္စရေးနှင့် ဟားမတ်စ်တို့အကြား အစ္စရေးအကျဉ်းသားလေးဦး၏ ရုပ်အလောင်းများကို ပါလက်စတိုင်းအကျဉ်းသားရာနှင့်ချီ၍ အပြန်အလှန်လဲလှယ်ရန် ယမန်နေ့က သဘောတူညီခဲ့သည်။

ဟားမတ်စ်တို့က အကျဉ်းသားများကို လွှတ်ပေးစဉ်အတွင်း ရက်စက်စွာ ဆက်ဆံမှုများရှိခဲ့သည်ဟု ဆိုကာ ပါလက်စတိုင်းအကျဉ်းသားများကို လွှတ်ပေးရန် ရွှေ့ဆိုင်းထားခဲ့ပြီး နောက်ထပ်အကျဉ်းသားများ လွှတ်ပေးသည့်အခါ အာမခံချက်ပေးရန် အစ္စရေးဘက်က တောင်းဆိုခဲ့ကြောင်း သိရသည်။

**Mon**



# အရှိန်မြင့်တင်လာသော ဘဏ္ဍာငွေသုံးစွဲမှုကို ထိန်းချုပ်ရန် ဝန်ထမ်း ၁၀၀၀၀ကို အလုပ်အကိုင် ဖြတ်တောက်မည်

**ပေကျင်း ဖေဖော်ဝါရီ ၂၆**

ဟောင်ကောင်သည် အရှိန်မြင့်တက်လာသော ဘဏ္ဍာငွေသုံးစွဲမှုကို ထိန်းချုပ်ရန် အစိုးရဝန်ထမ်း ၁၀၀၀၀၏ အလုပ်အကိုင်များကို ဖြတ်တောက်ခြင်းဖြင့် အသုံးစရိတ်ကို လျှော့ချရန် ရည်ရွယ်ထားပြီး ကမ္ဘာ့စီးပွားရေး မသေချာမရေရာမှု၊ နိုင်ငံရေးအရ တင်းမာမှုများနှင့် အားနည်းနေသော အိမ်ခြံမြေဈေးကွက်တို့ကြောင့် အခက်အခဲများကို ဖြတ်ကျော်ရန် မှတ်ဉာဏ်တုကို အားသွန်ဖြည့်တင်းမည့် အစီအစဉ်ကြီးတစ်ခု စီစဉ်ထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



မိမိတို့အနေဖြင့် လည်ပတ်မှုငွေစာရင်းတွင် ဘဏ္ဍာငွေမျှတမှုကို ပြန်လည်ရရှိစေရန် ရည်မှန်းကာ အစီအစဉ်ချပြီး တဖြည်းဖြည်းတိုးတက်သော နည်းလမ်းဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဟု ဟောင်ကောင်ဘဏ္ဍာရေးဝန်ကြီး ပေါလ်ချန်က ဟောင်ကောင်နှစ်ပတ်လည်ဘတ်ဂျက်ကို ကြေညာရာတွင် ရှင်းလင်းပြောကြားသည်။

၁၀၀၀၀ ခန့်ရှိမည့် အစိုးရဝန်ထမ်းအလုပ်အကိုင်များကို ၂၀၂၇ခုနှစ် ဧပြီလအထိ ဖြတ်တောက်မည်ဖြစ်ပြီး၊ လာမည့်နှစ်နှစ်အတွင်း အစိုးရဝန်ထမ်းများ၏ ၂ရာခိုင်နှုန်း လျှော့ချမှုကို ကိုယ်စားပြုသည်ဟု ၎င်းက ရှင်းပြသည်။

အသုံးစရိတ် ဖြတ်တောက်မှုသည် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ရေရှည်တည်တံ့သော ဘဏ္ဍာရေး အခြေခံအုတ်မြစ်ကို ဖြစ်ပေါ်စေမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် အမျိုးသားတစ်ဦး လက်နက် / ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

စစ်ကိုင်းတိုင်း ဒေသကြီး ကလေးဝမြို့နယ်အတွင်း လုံခြုံရေး ဆောင်ရွက်လျက်ရှိသော တပ်မတော်စခန်းသို့ ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၄ နာရီ ၄၅ မိနစ် ခန့်တွင် ကလေးခရိုင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ တပ်ရင်း(၉)မှ တပ်စိတ်မှူးအဆင့်ရှိသူ ဖိုးသကြိန်(ခ) တန်ခူး (၁) ဦးချစ်ဖေသည် ၎င်းကိုင်ဆောင်သည့် Type-81 သေနတ်တစ်လက်၊ ၎င်းကျည် ၁၂၅ တောင့်၊ ကျည်အိမ် သုံးခု၊ လက်ပစ်ဗုံးတစ်လုံးတို့နှင့် အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူအား စစ်ဆေးမေးမြန်းချက်အရ ၎င်းသည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်မှ မတ် ၂၁ ရက်အထိ မော်လိုက်မြို့နယ် အုတ်ဖိုကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၁၃၅၀ ခန့်အကွာ နေရာရှိ ကလေးခရိုင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ တပ်ရင်း(၉) စခန်းဟောင်း၌ အကြမ်းဖက် သင်တန်းအား တက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းဆင်းပြီးနောက် အဆိုပါ စခန်းဟောင်း၌ လူနေတဲများ ဆောက်လုပ်ခြင်း၊ ဆက်သွယ်ရေး မြောင်းများ တူးဖော်ခြင်းနှင့် အထွေထွေ တာဝန်များ ထမ်းဆောင်ခဲ့ရပြီး ၂၀၂၃ ခုနှစ် ဧပြီလခန့်တွင် ဒုတပ်စိတ်မှူးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရကြောင်း၊ ထို့နောက် ၂၀၂၄ ခုနှစ် ဇွန် ၇ ရက်တွင် ၎င်းအပါအဝင် အဖွဲ့ဝင် သုံးဦးသည် ကလေးဝမြို့နယ် ကျွဲနန်ကျေးရွာ၏ တောင်ဘက်ရှိ တောင်ယာတဲတွင် နေထိုင်လျက်ရှိသော PDF အမည်ခံ အကြမ်းဖက်အဖွဲ့အင်အား ၃၀ ခန့်ရှိ အဖွဲ့ထံ သွားရောက်ပူးပေါင်း နေထိုင်ခဲ့ပြီး ချင်းတွင်းမြစ်အတွင်း၌ တပ်မတော် ရေယာဉ်များ ဖြတ်သန်းသွားလာခြင်း ရှိ/မရှိအား စောင့်ကြည့်ခြင်းများ လုပ်ဆောင်ခဲ့ရကြောင်း၊ ထိုမှတစ်ဆင့် ၂၀၂၄ ခုနှစ်အောက်တိုဘာ ၂၀ ရက်တွင် ခေါမကျေးရွာ၏ အနောက်မြောက်ဘက်ရှိ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ အင်အား ၅၀ ခန့် နေထိုင်သည့် စခန်းသို့လည်းကောင်း၊ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ အင်အား ၂၀ ခန့်နေထိုင်သည့် ကလေးဝ-အောင်ချမ်းသာ ကားလမ်းဘေး ထန်းတပင်ကာကင်း စခန်းသို့လည်းကောင်း အဆင့်ဆင့် ပြောင်းရွှေ့နေထိုင်ခဲ့ရကြောင်း၊ ၎င်းအနေဖြင့် အကြမ်းဖက်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိစဉ် PDFအကြမ်းဖက်အဖွဲ့များက ပြည်သူလူထုအပေါ် အနိုင်ကျင့်ဆက်ကြေး ကောက်ခံနေမှု၊



ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ ဖိုးသကြိန်(ခ)တန်ခူးနှင့် လက်နက်/ခဲယမ်းများကို တွေ့ရစဉ်။

လက်နက်အားကိုးဖြင့် အနိုင်ကျင့်မှု၊ အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့ သတ်ဖြတ်နေမှုတို့ကို သိမြင်လာခဲ့ပြီး အဆိုပါ လုပ်ရပ်များအား မနှစ်သက်ခြင်း၊ ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်လိုခြင်း၊ တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံခြင်းတို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်ပြီး လက်နက်/ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူအား ကလေးတပ်နယ်မှ တာဝန်ရှိသူများက နွေးနွေးထွေးထွေး ကြိုဆိုလက်ခံခဲ့ကြပြီး လိုအပ်သည့် အုပ်ချုပ်မှုကိစ္စရပ်များအားလုံး အဆင်ပြေစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးထားကြောင်းနှင့် ၎င်းနှင့် ၎င်းမိသားစုဝင်များ၏ ဘေးအန္တရာယ်ကင်းရှင်းရေး အတွက်လည်း လိုအပ်သည့် လုံခြုံရေး ကိစ္စရပ်များ ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ၏ ထုတ်ဖော်ပြောဆိုမှုများကို ယခုကဲ့သို့ ကြားသိရသည် -

ကျွန်တော်ကတော့ ကလေးခရိုင် PDF တပ်ရင်း(၉)က လက်နက်ခဲယမ်း အပြည့်အစုံနဲ့ ဒကစ(ကလေး)ကို အလင်းဝင်တဲ့ ဖိုးသကြိန်ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ဇာတိကတော့ ကလေးဝမြို့နယ် ဇီးဆောက်ရွာဖြစ်ပါတယ်။ ရွာမှာ တောင်သူလုပ်ကိုင်နေစဉ် တပ်မတော်က နိုင်ငံတော်ကို အာဏာထိန်းလိုက်တာကို မကျေနပ်လို့ လက်နက်ကိုင်တော်လှန်ခဲ့တဲ့ အကြမ်းဖက်အဖွဲ့ဝင်တစ်ဦးလည်းဖြစ်ပါတယ်။ PDF ထဲမှာ ကျွန်တော့်ရဲ့ လက်ရှိရာထူးက တပ်စိတ်မှူးရာထူးအဆင့် အထိ နှစ်နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ PDF ထဲမှာနေခဲ့တဲ့ ကာလတစ်လျှောက်လုံး ကင်းတွေ ထွက်ရတယ်။ ကာကင်းတွေ ထွက်ရတယ်။ အဲဒါတွေတော့ လုပ်ခဲ့ရပါတယ်။ ရွာထဲတွေဝင် ဆက်ကြေးဝင် ကောက်ခံတာတို့၊ စားသောက်ဖွယ်ရာတွေ ရှာဖွေတွေ့ရင် ယူတာတွေ လုတာတွေတော့ ရှိခဲ့ပါတယ်။ PDF ခေါင်းဆောင်တွေ ကတော့ ဆက်ကြေးငွေမပေးတဲ့သူတွေကို သူတို့ ဘယ်လိုလုပ်တယ်ဆိုတာ တချို့ကိစ္စတွေမှာ ကျွန်တော်တို့ မသိတဲ့အရာတွေတော့ ရှိတယ်ခင်ဗျ။ သူတို့ဘာသာပြီးသွားတဲ့ ကိစ္စမျိုးတွေတော့ လုပ်ခဲ့တာတွေ ရှိတယ်။

ဖမ်းပြီးတော့ နှိပ်စက်တာမျိုးတွေရှိခဲ့ပါတယ်ခင်ဗျ။ သူတို့က တစ်ဆင့်နဲ့တစ်ဆင့် ကြီးနိုင်ငယ်ညှဉ်းလုပ်နေတာတွေက များပြီး သူတို့ပြောတာတခြား လုပ်တာတခြား ဒါမျိုးတွေတော့ရှိပါတယ်။ တခြားဖြစ်စဉ်ဖြစ်တဲ့ ကာယိန္ဒြေဖျက်ဆီးတာတွေရှိခဲ့တယ်။ အဲဒါမျိုးတွေလည်း ရှိခဲ့ပါတယ်။ တချို့အမျိုးသမီးတွေဆိုရင် သူတို့ဘာသာသူတို့ တပ်ထဲကနေ ထွက်ပြေးသွားတာတွေရှိတယ်။ အဆုံးစီရင်သွားတာမျိုးတွေ ရှိတယ်။ အဲဒီလိုမျိုးဖြစ်စဉ်မျိုးတွေ မကြာခဏတော့ ဖြစ်ပါတယ်ခင်ဗျ။

PDF ထဲမှာတော့ စောစောက သူတို့ပြောခဲ့တာကတစ်မျိုး လုပ်နေတာကတစ်မျိုးတွေ။ ပြီးရင် ကျွန်တော်တို့ကိုယ်တိုင်ကလည်း လုပ်နေတာက တစ်မျိုးတွေဆိုတော့ သူတို့ရဲ့ လုပ်ရပ်နဲ့အပြောနဲ့ ဘယ်လိုမှကိုမကိုက်ညီတဲ့အတွက်



ဒီဥပဒေဘောင်နဲ့ တပ်မတော်ဘက်ကိုလာပြီးတော့ အလင်းဝင်တာဖြစ်ပါတယ်။ ကျွန်တော် အလင်းမဝင်ခင်ကတော့ စဉ်းစားပါသေးတယ်။ အလင်းဝင်ရင် တပ်မတော်က ဘယ်လိုတွေ ဖြစ်မလဲ။ ကျွန်တော့်ရဲ့ အသက်အာမခံကရော ရှိပါ့မလား ကျွန်တော် တွေးပါသေးတယ်။ နောက်ပိုင်းတော့ ဘယ်လိုပဲနေနေ ဟိုထဲမှာ နေရတာထက်စာရင် ဒီဘက်မှာနေရတာကမှ ကောင်းမယ်ဆိုတဲ့ အတွေးတစ်ခုကော၊ ပြီးရင် ဒီဘက်မှာက ဘယ်လိုပဲနေနေ၊ ဘာပဲဖြစ်ဖြစ်၊ ဘယ်လိုအန္တရာယ်ပဲဖြစ်ဖြစ် ဆိုပြီးတော့ ကျွန်တော် အလင်းဝင်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့အတွေးနဲ့ ဒီမှာရောက်တော့ ကြိုဆိုတဲ့ပုံစံက လုံးဝတခြားစီဖြစ်ပါတယ်။ ဒီမှာ နွေးနွေးထွေးထွေး ကျွန်တော့်ကို ကြိုပါတယ်။ တပ်ကလည်း နွေးနွေးထွေးထွေး ကြိုတယ်။ ကောင်းကောင်းမွန်မွန် လည်း ထားပါတယ်။ ကျွန်တော့်ရဲ့ ရည်ရွယ်ချက် အဓိကကတော့ ဟိုဘက်မှာ လုံးဝမနေချင်တဲ့ အတွက် ကိုယ့်မိသားစုနဲ့ပဲ အေးအေးဆေးဆေး နေချင်တဲ့ အတွက်ကြောင့် အလင်းဝင်ခဲ့ရခြင်းဖြစ်ပါတယ်။ ကျန်နေခဲ့တဲ့ ရဲဘော်တွေ၊ ညီအစ်ကိုတွေ အလင်းဝင်ဖို့အတွက် မဝင့်မရဲ ဖြစ်နေတဲ့ဟာတွေ သူတို့ပြောတာတွေကတခြားစီပါ။ ကျွန်တော်ကိုယ်တိုင် ဒီဒကစ(ကလေး)ကို အထဲကိုရောက်နေပါပြီ။ လူကြီးတွေလည်း သူတို့အဆင့်ဆင့် နွေးနွေးထွေးထွေးနဲ့ ကြိုဆိုတယ်။ ကောင်းကောင်းမွန်မွန်လည်းထားတယ်။ အဲဒီတော့ စိုးရိမ်စရာလည်း မရှိပါဘူး။ စိတ်ချလက်ချနဲ့ အမြင်မှန်ရပြီးတော့ ကျွန်တော်နဲ့အတူတူ ဒီကို အလင်းဝင်ဖို့အတွက် လာရောက်ဖို့အတွက်လည်း ဒီက လူကြီးတွေ ပြောနေပါတယ်။ အလင်းဝင်ဖို့ အတွက်လည်း ခေါ်နေပါတယ်။ အဲဒါဆိုတော့ ကျွန်တော့်ကိုသာ ကြည့်ပါ။ ကျွန်တော် ကောင်းကောင်းမွန်မွန် ရှိပါတယ်။ ဒဏ်ရာဒဏ်ချက်တစ်ခုမှလည်းမရပါဘူး။ တစ်ချက်မှလည်း မရှိပါဘူး။ နှိပ်စက်တာတွေ မရှိပါဘူး။ သူတို့ပြောထားတဲ့ အတိုင်းနဲ့ လုံးဝတခြားစီဖြစ်နေပါတယ်။ ဒီမှာနွေးနွေးထွေးထွေးနဲ့လည်း ကြိုဆိုတယ်။ ကောင်းကောင်းမွန်မွန် လည်း ထားတယ်။ အစစအရာရာ အကုန်အဆင်ပြေတယ်။ ကျွန်တော်နဲ့ အတူ အလင်းဝင်ဖို့အတွက် ဖိတ်ခေါ်ပါတယ်လို့ ပြောချင်ပါတယ်။ ရဲရဲဝံ့ဝံ့သာ လာခဲ့ပါလို့ ကျွန်တော်တို့ရဲ့ ကျန်တဲ့ညီအစ်ကိုတွေ၊ ရဲဘော်တွေ အကုန်လုံးကို ကျွန်တော် ဒီနေရာကနေပြီးတော့ ပြောချင်ပါတယ်။

သတင်းစဉ်



စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် အမျိုးသားတစ်ဦး လက်နက်/ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာမှု ဖြစ်စဉ်ပြပုံ။

# မြိုင်မြို့နယ် ကျောင်းကုန်းကျေးရွာနှင့် သံပုရာခြံကျေးရွာရှိ နေအိမ် အလုံး ၃၀ ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ကျောင်းကုန်းကျေးရွာနှင့် သံပုရာခြံကျေးရွာရှိ နေအိမ်များကို လုံခြုံရေး တပ်ဖွဲ့ဝင်များက ဝင်ရောက်မီးရှို့ခဲ့၍ နေအိမ် အလုံး ၃၀ မီးလောင်ပျက်စီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်၊ ဥစ္စာကို ကာကွယ် စောင့်ရှောက်လျက်ရှိကြောင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေး အတွက် နယ်မြေလုံခြုံရေးတာဝန်များကို ဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို မလိုလားဘဲ အေးချမ်းစွာနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများထံမှ ဆက်ကြေးကောက်ခံခြင်းနှင့် လူသစ်စုဆောင်းခြင်းများအား အဓမ္မလုပ်ဆောင်လျက်ရှိပြီး ၎င်းတို့အလိုကျ လိုက်ပါလုပ်ဆောင်ခြင်းမရှိသည့် မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများကို ၎င်းတို့အပေါ် ကြောက်ရွံ့နာခံလာစေရန် အတွက် ခေါင်းစဉ်အမျိုးမျိုးပြ၍ မီးရှို့ဖျက်ဆီးလျက်ရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သမားများ၏ လူမဆန်သည့် လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချကာ ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ ယခုကဲ့သို့ သတင်းအမှားများကို လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။




သတင်းစဉ်




တော်ဝိ-ပိန်းဇလုပ် အစုန်လမ်းပိုင်းအား ပြန်လည်ပြုပြင်ပြီးရထားများ ဖြတ်သန်းနေမှုကိုတွေ့ရစဉ်။

# ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ကျောက်တံခါးနှင့် ပိန်းဇလုပ်ဘူတာအကြား အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း ယမန်နေ့ည ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျောက်တံခါးဘူတာနှင့်ပိန်းဇလုပ်ဘူတာအကြား၊ မိုင်တိုင်အမှတ် ၁၀၇/၁၀-၉ နေရာရှိ အစုန်ရထားလမ်းပေါ်တွင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲခဲ့သဖြင့် ရထားလမ်း ထိခိုက်ပျက်စီးခဲ့ပြီး ကျောက်တံခါးနှင့် ပိန်းဇလုပ် ရထားလမ်းပိုင်းအား နံနက် ၉ နာရီတွင် ယာယီပိတ်ထားကြောင်း သိရသည်။




ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ကျောက်တံခါးနှင့် ပိန်းဇလုပ်ဘူတာအကြား အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခံရမှုကြောင့် ပျက်စီးမှုကိုတွေ့ရစဉ်။

## ကွန်ကရစ်ဇလီဖား ၁၀ တုံးပျက်စီးခဲ့

မိုင်းပေါက်ကွဲမှု ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ မိုင်းခွဲခံရမှုကြောင့် အစုန်လမ်းရှိ အရှေ့ဘက်သံလမ်းနှစ်ပေခန့်နှင့် ၁၀ ပေအကွာတွင် အနောက်ဘက်သံလမ်း နှစ်ပေခန့် နှစ်နေရာပြတ်တောက်၍ ကွန်ကရစ်ဇလီဖား ၁၀ တုံး ပျက်စီးခဲ့ကြောင်း သိရှိရသည်။

မြန်မာ့မီးရထား ဝန်ထမ်းများအနေဖြင့် လမ်းပိုင်းအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး စစ်ဆေးဆောင်ရွက်ခဲ့ပြီး အစုန်လမ်း၏ ပြတ်တောက်သွားသော သံလမ်းနှစ်ချောင်းအား လဲလှယ်ခြင်း၊ လမ်းပြုပြင်ခြင်းများကို မွန်းလွဲ ၁၁ နာရီ မိနစ် ၂၀ မှ စတင်ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၃ နာရီခွဲတွင် အစုန်ရထားလမ်းပိုင်းအား ပြန်လည်ဖွင့်လှစ်၍ ရထားများ ပုံမှန်အတိုင်း ပြေးဆွဲပေးလျက်ရှိသည်။

မိုင်းပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် အမှတ်(၉၀၂-A) အစုန်ကုန်ရထားသည် ပဲနွယ်ကုန်းဘူတာသို့ ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၆ နာရီ ၁၀ မိနစ်ခန့်တွင်လည်းကောင်း၊ အမှတ်(၉၀၂-B)အစုန်ကုန်ရထားသည် ကညွတ်ကွင်းဘူတာသို့ ညနေ ၆ နာရီ မိနစ် ၂၀ ခန့်တွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၂၆ ရက် အမှတ်(၉၂၃-B)အဆန်ကုန်ရထားသည် ပြွန်တန်ဆာဘူတာသို့နံနက် ၇ နာရီ ၅ မိနစ်ခန့်တွင်လည်းကောင်း၊ အမှတ်(၉၁၃) အဆန်ကုန်ရထားသည်ပြွန်တန်ဆာဘူတာသို့နံနက် ၇ နာရီ ၃၅ မိနစ်ခန့်တွင်လည်းကောင်း၊ အမှတ်(၉၁၄) အစုန်ကုန်ရထားသည် ဇေယျဝတီဘူတာသို့ နံနက် ၈ နာရီ ၄၅ မိနစ်ခန့်တွင်လည်းကောင်း၊ အမှတ်(၁၁) အဆန်လူစီးရထားသည် ညောင်လေးပင်ဘူတာသို့ နံနက် ၈ နာရီ ၄၉ မိနစ်ခန့်တွင်လည်းကောင်း၊ အမှတ်(၁)အဆန်စာပို့ရထားသည် ပဲခူးဘူတာသို့ နံနက် ၁၀ နာရီခွဲခန့်တွင်လည်းကောင်း ရောက်ရှိရပ်တန့်ထားခဲ့ရသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်း ကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခံရခြင်း အကြိမ် ၈၀၊ ရထားတံတား/သံလမ်းများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခံရခြင်း ၁၇၄ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၁၆ ကြိမ် ကျူးလွန်ခဲ့ကြသည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့် တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့် ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ အကြိမ်ကြိမ် ကျူးလွန်ဖျက်ဆီးနေကြခြင်းဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့ မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက်အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြန်မာ့မီးရထား




ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ကျောက်တံခါးနှင့်ပိန်းဇလုပ်ဘူတာအကြား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခံရမှုကြောင့် ပျက်စီးသွားသည့် အစုန်ရထားလမ်းအား ပြန်လည်ပြုပြင်နေမှုကို တွေ့ရစဉ်။

# နိုင်ငံတကာ အားကစား သတင်းများ

## စီရော်နယ်လ်ဒို ကစားသမားဘဝ သွင်းဂိုးပေါင်း ၉၂၅ဂိုး ထိရှိလာ

**လန်ဒန် ဖေဖော်ဝါရီ ၂၆**

အယ်လ်နာဆာအသင်း တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် ကစားသမားဘဝ သွင်းဂိုးပေါင်း ၉၂၅ဂိုးထိရှိလာခဲ့ပြီး သွင်းဂိုး ၁၀၀၀ ပြည့်မြောက်ရန်လည်း ၇၅ဂိုးသာ လိုအပ်နေတော့သည်။

အဆိုပါတိုက်စစ်မှူးသည် အယ်လ်နာဆာအသင်းက အယ်လ်ဝယ်ဒါအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို သွင်းဂိုးပေါင်း ၉၂၅ဂိုး ပြည့်မြောက်လာခြင်း ဖြစ်သည်။

ထို့ပြင် တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် ယခုနှစ် ဘောလုံးရာသီတွင်လည်း အယ်လ်နာဆာအသင်းနှင့်အတူ ဆော်ဒီပရီလိဂ်ပွဲစဉ် ၂၁ပွဲကစားပြီး ၁၇ဂိုး သွင်းယူထားသည်။

အသက်(၄၀)နှစ် အရွယ်ရှိ စီရော်နယ်လ်ဒိုက "ကျွန်တော် အခုလို ကစားသမားဘဝသွင်းဂိုးပေါင်း ၉၂၅ဂိုး သွင်းယူနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို သွင်းဂိုးတွေ ထပ်မံသွင်းယူနိုင်ဖို့ ဆက်လက် ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(အောက်ပုံ) (NGB)



## ကိုပါအီတာလီယာဖလား ဆီးမီးဖိုင်နယ်အဆင့်သို့ အင်တာမီလန်အသင်းတက်ရောက်



**မီလန် ဖေဖော်ဝါရီ ၂၆**

ကိုပါအီတာလီယာဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက အင်တာမီလန်အသင်းနှင့် လာဇီယိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အင်တာမီလန်အသင်းက လာဇီယိုအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဆီးမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

အင်တာမီလန်အသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို ပွဲချိန် ၃၉မိနစ်တွင် မာကိုအာနူတိုဗစ်၊ ပွဲချိန် ၇၇မိနစ်တွင် ချာဟန်နိုဂလူတို့က အသီးသီး သွင်းယူပေးခဲ့သည်။

အင်တာမီလန်အသင်းသည် ကိုပါအီတာလီယာဖလား ဆီးမီးဖိုင်နယ်ပွဲစဉ်အဖြစ် လာမည့် ဧပြီ ၃ရက်တွင် မြို့ခံပြိုင်ဘက် အေစီမီလန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## ပန်ဒိုက်ချ်အား ခေါ်ယူရန် ရီးရဲလ်မက်ဒရစ်အသင်းစိတ်ဝင်စား

**မက်ဒရစ် ဖေဖော်ဝါရီ ၂၆**


စပိန်လာလီဂါကလပ် ရီးရဲလ်မက်ဒရစ်အသင်းသည် လီဗာပူးအသင်း နောက်ခံကစားသမား ဗန်ဒိုက်ချ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၃၃)နှစ် အရွယ်ရှိ နောက်ခံကစားသမားသည် လီဗာပူး အသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၀၆ပွဲ ကစားပြီး ၂၆ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

နောက်ခံကစားသမား ဗန်ဒိုက်ချ် ကိုယ်တိုင်ကလည်း လက်ရှိအချိန် လီဗာပူးအသင်း တာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်လျက်ရှိနေသည်။

ထို့ကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် လီဗာပူးအသင်းထံမှ ဗန်ဒိုက်ချ်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(အောက်ပုံ) (NGB)



## နည်းပြ ရောဘတ်တိုဒီဗာဆာအား နည်းပြရာထူးမှ အမ်ပိုလီအသင်းထုတ်ပယ်သွားဖွယ်ရှိ



**တူရင် ဖေဖော်ဝါရီ ၂၆**

စီးရီးအေကလပ် အမ်ပိုလီအသင်းသည် လက်ရှိအချိန် ရလဒ်များ ဆိုးရွားနေခြင်းကြောင့် နည်းပြ ရောဘတ်တိုဒီဗာဆာအား ရာထူးမှ ထုတ်ပယ်သွားဖွယ် ရှိနေသည်။

အမ်ပိုလီအသင်းသည် ယခုနှစ် ဘောလုံးရာသီ စီးရီးအေပွဲစဉ် ၂၆ပွဲကစားအပြီးတွင် ရမှတ် ၂၁ မှတ်ဖြင့် အဆင့် ၁၈ နေရာတွင် ရပ်တည်ပြီး ရလဒ်များ အလွန်ဆိုးရွားခြင်းကြောင့် နည်းပြ ရောဘတ်တိုဒီဗာဆာအား ရာထူးမှ ထုတ်ပယ် ရန်စီစဉ်လာခြင်း ဖြစ်သည်။ (ဝဲပုံ)

နည်းပြ ရောဘတ်တိုဒီဗာဆာသည် အမ်ပိုလီအသင်းအား ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၂၉ပွဲတွင် ၆ပွဲနိုင်၊ ၁၀ပွဲသရေ၊ ၁၃ပွဲရှုံး ရလဒ် ပိုင်ဆိုင်ထားသည်။

ထို့ကြောင့် နည်းပြ ရောဘတ်တိုဒီဗာဆာအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း အမ်ပိုလီအသင်း နည်းပြရာထူးမှ ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။ (NGB)

## ကင်းမစ်ချ်အား စာချုပ်သက်တမ်းတိုးရန် ဘိုင်ယန်မြူးနစ်အသင်း စီစဉ်

**မြူးနစ် ဖေဖော်ဝါရီ ၂၆**

ဘိုင်ယန်မြူးနစ်အသင်းသည် အသင်း ကွင်းလယ်ကစားသမား ကင်းမစ်ချ်အား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၃၀)နှစ် အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၁၅-၂၀၁၆ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိပြိုင်ပွဲစုံ ၄၃၅ ပွဲ ကစားပြီး ၄၃ဂိုး သွင်းယူကာ ခြေစွမ်းပြထားနိုင်ခဲ့ခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။



ဘိုင်ယန်မြူးနစ်အသင်း ထုတ်ပြန်ချက်တွင် "ကင်းမစ်ချ်အား စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာမီ ရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။

(ဝဲပုံ) (NGB)

## 2025 BNP Paribas Open တင်းနစ်ပြိုင်ပွဲ မတ် ၅ရက်တွင် စတင်မည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၆**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော နာမည်ကျော် တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 BNP Paribas Open တင်းနစ်ပြိုင်ပွဲ လာမည့် မတ် ၅ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2025 BNP Paribas Open တင်းနစ်ပြိုင်ပွဲကို မတ် ၅ ရက်မှ ၁၇ ရက်အထိ ၁၃ ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2025 BNP Paribas Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမား၊ တင်းနစ်မယ် များစွာဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

BNP Paribas Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ စပိန် တင်းနစ်ကစားသမား Carlos Alcaraz နှင့် ပိုလန် တင်းနစ်မယ် Iga Swiatek ဖြစ်သည်။

(အောက်ပုံ) (NGB)



## ဟွိုက်လန်းအား ယခုနှစ် နွေရာသီဈေးကွက်အတွင်းတွင် မန်ချက်စတာယူနိုက်တက်အသင်း ရောင်းချသွားဖွယ်ရှိ

**မန်ချက်စတာ ဖေဖော်ဝါရီ ၂၆**

မန်ချက်စတာယူနိုက်တက်အသင်းသည် အသင်းတိုက်စစ်မှူး ဟွိုက်လန်း၏ စွမ်းဆောင်ရည်အား စိတ်ပြတ်လျက်ရှိပြီး ယခုနှစ် နွေရာသီဈေးကွက်အတွင်းတွင် ရောင်းချသွားဖွယ်ရှိသည်။

တိုက်စစ်မှူး ဟွိုက်လန်းသည် ယခုနှစ်ဘောလုံးရာသီတွင် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၃ပွဲကစားပြီး ၇ ဂိုးသာ သွင်းယူထားနိုင်ခဲ့ပြီး ၎င်း၏ စွမ်းဆောင်ရည်အား အသင်းက စိတ်ပြတ်လျက်ရှိပြီး



သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည် ဖြစ်သည်။

အသက်(၂၂)နှစ် အရွယ်ရှိ ဟွိုက်လန်းကို လက်ရှိအချိန် ဥရောပကလပ်အသင်းအချို့နှင့် ဆော်ဒီကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ထို့ကြောင့် တိုက်စစ်မှူး ဟွိုက်လန်း အနေဖြင့် မန်ချက်စတာယူနိုက်တက်အသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ ရောက်ရှိသွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။(ဝဲပုံ) (NGB)

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၇) ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပ-ကျော့ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၈-၂-၂၀၂၅ | (၁၆)ဝက်စ်ဟမ်း - လက်စတာ(၁၉) | ဝက်စ်ဟမ်း ၀-၂ လက်စတာ | ဝက်စ်ဟမ်း(အိမ်) | ၁၃ | ၄ | ၂ | ၇ | ၁၆ | ၂၇ |
| နံနက် ၀၂:၃၀ နာရီ | (လက်စတာ ၃-၁ ဝက်စ်ဟမ်း) | လက်စတာ ၂-၁ ဝက်စ်ဟမ်း | လက်စတာ(ဧည့်) | ၁၂ | ၂ | ၂ | ၈ | ၁၄ | ၃၂ |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၉) ပွဲကျန် — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၈-၂-၂၀၂၅ | (၈)ဘိုလော့ညာ - အေဗီပီလန်(၇) | ဘိုလော့ညာ ၀-၂ အေဗီပီလန် | ဘိုလော့ညာ(အိမ်) | ၁၂ | ၆ | ၅ | ၁ | ၂၀ | ၁၁ |
| နံနက် ၀၂:၁၅ နာရီ | (D,W,D,W,L) (W,D,W,W,L) | အေဗီပီလန် ၁-၁ ဘိုလော့ညာ | အေဗီပီလန်(ဧည့်) | ၁၂ | ၅ | ၂ | ၅ | ၁၇ | ၁၇ |

### ၂၀၂၄-၂၀၂၅ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၂) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၇-၂-၂၀၂၅ ကြာသပတေးနေ့ | ညနေ ၃:၃၀ နာရီ (ရန်ကုန်ကွင်း) | (၈)သစ္စာအားမာန် - မဟာ(၅) (မဟာ ၄-၁ သစ္စာအားမာန်) | —— |
| ။ | ညနေ ၄:၀၀ နာရီ (သုဝဏ္ဏကွင်း) | (၁၂)မြဝတီ - ရတနာပုံ(၆) (ရတနာပုံ ၃-၀ မြဝတီ) | မြဝတီ ၃-၁ ရတနာပုံ ရတနာပုံ ၁-၁ မြဝတီ |

# လူထုအခြေပြုဗဟိုဌာန(Community Centre) ၌ အခမ်းအနားမှူးသင်တန်း ဖွင့်လှစ်



**ပျဉ်းမနား ဖေဖော်ဝါရီ ၂၆**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပျဉ်းမနားမြို့နယ်ရုံး၊ လူထုအခြေပြုဗဟိုဌာန (Community Centre)၌ အခမ်းအနားမှူးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ရုံးမှ ဒုတိယတိုင်းဦးစီးမှူး ဒေါ်ခင်မာဖြူက လူထုအခြေပြုဗဟိုဌာန(ပျဉ်းမနား)တွင် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပျဉ်းမနားမြို့နယ်ရုံးမှ ဦးစီးအရာရှိ ဦးဇော်မင်းလွင်က သင်တန်းစည်းမျဉ်း စည်းကမ်းများအား ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ပျဉ်းမနားမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စာကြည့်တိုက်တာဝန်ထမ်းဆောင်နေကြသူများ စုစုပေါင်းသင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်လျက်ရှိပြီး ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ နံနက် ၉ နာရီခွဲမှ ၁၂ နာရီအထိ သင်တန်းနည်းပြအဖြစ် ဒုတိယတိုင်းဦးစီးမှူးက အခမ်းအနားမှူးတစ်ဦးတွင် ရှိရမည့် အဓိကအရည်အချင်းများ၊ ရုပ်ပိုင်းဆိုင်ရာများ၊ အသံပိုင်းဆိုင်ရာများ၊ ဝတ်စားဆင်ယင်မှု၊ ကြိုတင်ပြင်ဆင်မှုနှင့်ဆောင်ရန်၊ ရှောင်ရန်များစသည့် ကဏ္ဍများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

ဝ-ဝ-ဝ-ဝ-ဝ-ဝ



# စာရေးဆရာ ဒေါက်တာဇော်ရေးသားသော ဘာသာရေးနှီးနှောယ် ခရီးသွားလုပ်ငန်း စာအုပ်မိတ်ဆက်ပွဲ ကျင်းပ

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် စာရေးဆရာ ဒေါက်တာဇော်ရေးသားသော ဘာသာရေးနှီးနှောယ် ခရီးသွားလုပ်ငန်းစာအုပ်မိတ်ဆက်ပွဲကို ယမန်နေ့ နံနက်က ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကျင်းပသည်။

စာအုပ်မိတ်ဆက်ပွဲ အခမ်းအနားတွင် မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးကျော်ဇေယျက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဘာသာရေးနှီးနှောယ် ခရီးသွားလုပ်ငန်းစာအုပ်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ရိန်က ဘာသာရေးနှီးနှောယ် ခရီးသွားလုပ်ငန်းစာအုပ် ထုတ်ဝေခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် စာရေးဆရာ ဒေါက်တာဇော်က ဘာသာရေးနှီးနှောယ် ခရီးသွားလုပ်ငန်းစာအုပ် ရေးသားခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ရာ ၄င်းစာအုပ်နှင့် ပတ်သက်၍ စာရေးဆရာများ၊ စာပေဝါသနာရှင်များက မိမိတို့၏အမြင်များကို အသီးသီးဆွေးနွေးသည်။ ထို့နောက် စာရေးဆရာဒေါက်တာဇော်က စာအုပ်မိတ်ဆက်ပွဲသို့ တက်ရောက်လာသူများအား ဘာသာရေးနှီးနှောယ်ခရီးသွားလုပ်ငန်းစာအုပ်များ လက်ဆောင်ပေးအပ်သည်။

အဆိုပါ စာအုပ်မိတ်ဆက်ပွဲကို မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)ဦးကျော်ဇေယျ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်း၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာတင်တော်နှင့် အဖွဲ့ဝင်များ၊ စာရေးဆရာများ၊ စာပေဝါသနာရှင်များတက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)(၄၆၉)



# တက္ကသိုလ်ကြက်ခြေနီအသင်းခွဲများဖွံ့ဖြိုးရေးဆွေးနွေး၊ ကြက်ခြေနီဆိုင်ရာစာအုပ်၊ စာတမ်းများ ပေးအပ်

**မန္တလေး ဖေဖော်ဝါရီ ၂၆**

တက္ကသိုလ်ကြက်ခြေနီအသင်းခွဲများဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် ၆၂ လမ်းရှိ သူနာပြုတက္ကသိုလ်(မန္တလေး)အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း အချိန်ပိုင်းအလုပ်အမှုဆောင်လူငယ်ကြက်ခြေနီရေးရာ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမာလာဝင်းသည် မန္တလေးတိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အသင်းအဖွဲ့များ ဖွံ့ဖြိုးတိုးတက်ရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာလင်းလင်းသက်၊ သူနာပြုတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ဒေါက်တာခင်စိန်ဝင်း၊ သားဖွားသင်တန်းကျောင်း၊ ကျောင်းအုပ်ကြီး ဒေါ်ခင်ချိုမြင့်၊ သူနာပြုသင်တန်းကျောင်း၊ ကျောင်းအုပ်ကြီး ဒေါ်စန်းစန်းဦးနှင့်ပါမောက္ခဌာနမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း အချိန်ပိုင်းအလုပ်အမှုဆောင်လူငယ်ကြက်ခြေနီရေးရာဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်က တက္ကသိုလ်ကြက်ခြေနီအသင်းခွဲများ၏ ဖွဲ့စည်းပုံကိုလည်းကောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာလင်းလင်းသက်က တက္ကသိုလ်ကြက်ခြေနီအသင်းများမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး တက္ကသိုလ်အသင်းခွဲများသို့ ကြက်ခြေနီနှင့်ပတ်သက်သော စာအုပ်၊ စာတမ်းများပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(ဝ၄၅)

# အရည်အသွေးကောင်းသည့် မျိုးစေ့များအသုံးပြုပြီး အထွက်နှုန်း တိုးတက်လာမည်

**မျိုးစေ့ရွေးချယ်ခြင်း/ မျိုးရွေးချယ်ခြင်း**

အရည်အသွေးကောင်းမွန်တဲ့ သီးနှံမျိုးစေ့များကို စိုက်ပျိုးခြင်းအားဖြင့် မျိုးစေ့သုံးစွဲမှုပမာဏ နည်းစေကာ ကုန်ကျစရိတ်သက်သာစေပါတယ်။ ပိုးမွှားရောဂါကျရောက်မှုနည်းတာကြောင့် ပိုးသတ်ဆေး၊ မှိုသတ်ဆေးများ အသုံးပြုမှု အကြိမ်အရေအတွက် နည်းပါးစေပါတယ်။

တောင်သူကြီးများအားလုံး သီးနှံအထွက်နှုန်း တိုးတက်စေဖို့နဲ့ အမြတ်အများဆုံး ရစေဖို့အတွက် အဓိကအကျဆုံး စဉ်းစားသင့်တဲ့ အချက်တစ်ချက်ကတော့ အရည်အသွေးကောင်းတဲ့ မျိုးစေ့အသုံးပြုခြင်း ဖြစ်ပါတယ်။ အရည်အသွေးကောင်းမွန်တဲ့ မျိုးစေ့ဆိုတာကတော့

(၁) မျိုးစေ့သန့်စင်မှုရှိခြင်း (ပေါင်းမြက်မျိုးစေ့များ၊ အမှိုက်သရိုက်များနဲ့ အခွံများ ကွဲအက်နေတဲ့ မျိုးစေ့များ မပါဝင်ခြင်း)

(၂) မျိုးညှောင့်ပေါက် ရာခိုင်နှုန်း ၈၅ % အထက်ရှိခြင်း

(၃) မျိုးစေ့မှာ သင့်တင့်တဲ့ အစိုဓာတ်ရာခိုင်နှုန်းရှိခြင်း

(၄) တူညီတဲ့ မျိုးစေ့အရွယ်အစားနဲ့ အလေးချိန်ရှိတဲ့ မျိုးစေ့များ ဖြစ်ပါတယ်။

တောင်သူလယ်သမားများအနေဖြင့် မျိုးစေ့များကို မဝယ်ယူမီ မျိုးစေ့မှာ ရှိသင့်တဲ့ လက္ခဏာများကို စမ်းသပ်စစ်ဆေးပြီးမှသာ ဝယ်ယူသင့်ပါတယ်။ အရည်အသွေးမြင့်တဲ့ မျိုးစေ့များကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် မျိုးကောင်းမျိုးသန့်ရောင်းဝယ်တဲ့ လုပ်ငန်းရှင်များထံမှ ဝယ်ယူ၍သော်လည်းကောင်း၊ တောင်သူလယ်သမားအချင်းချင်း မျိုးဖလှယ်၍သော်လည်းကောင်း၊ ကိုယ့်အားကိုယ်ကိုး၍ ကိုယ်တိုင်မျိုးထားခြင်းသော်လည်းကောင်း ရရှိနိုင်ပါတယ်။

**အရည်အသွေးကောင်းမွန်တဲ့ သီးနှံမျိုးစေ့များကို အသုံးပြုခြင်းဖြင့်**

(၁)မျိုးညှောင့်ပေါက်နှုန်းများကောင်းမွန်ခြင်း

(၂)သီးနှံပင်များ ဇီဇမှန်ကန်စေခြင်း

(၃) သီးနှံပင်များ ကျန်းမာသန်စွမ်းခြင်းနဲ့

(၄) ပိုးမွှားရောဂါနှင့် ရာသီဥတုဒဏ်များကို အသင့်အတင့်ခံနိုင်ရည်ရှိခြင်းစတဲ့ အကျိုးကျေးဇူးများ ရှိနိုင်ပါတယ်။

အထွက်နှုန်းတိုးတက်ကောင်းမွန်ဖို့ မျိုးစေ့များ ရွေးချယ်ရာမှာ ဒေသအလိုက် သင့်တော်တဲ့ မျိုးစေ့၊ ရောဂါပိုးမွှားဒဏ် ခံနိုင်ရည်ရှိတဲ့ မျိုးစေ့၊ စီးပွားဖြစ်မျိုးသန့်မျိုးစေ့များကိုသာ ရွေးချယ်စိုက်ပျိုးသင့်ပါတယ်။



အရည်အသွေးကောင်းမွန်တဲ့ သီးနှံမျိုးစေ့များကို စိုက်ပျိုးခြင်းအားဖြင့် မျိုးစေ့သုံးစွဲမှုပမာဏ နည်းစေကာ ကုန်ကျစရိတ်သက်သာစေပါတယ်။ ပိုးမွှားရောဂါကျရောက်မှု နည်းတာကြောင့် ပိုးသတ်ဆေး၊ မှိုသတ်ဆေးများအသုံးပြုမှု အကြိမ်အရေအတွက် နည်းပါးစေပါတယ်။ အပင်ပေါက်နှုန်းကောင်းခြင်းနှင့် ကျန်းမာသန်စွမ်းတဲ့ ပျိုးပင်များ ရရှိခြင်းကြောင့် လိုအပ်တဲ့ အပင်အရေအတွက် ရရှိစေခြင်းဖြင့် အချိန်နှင့်အလုပ်သမားကုန်ကျစရိတ်များ သက်သာစေပါတယ်။

တောင်သူလယ်သမားများ အရည်အသွေးကောင်းမွန်တဲ့ မျိုးစေ့များ အသုံးပြုပြီး အထွက်နှုန်းတိုးတက်ကောင်းမွန်ကာ လူမှုစီးပွားဘဝ ပိုမိုအဆင်ပြေလာနိုင်ပါတယ်။

**ရွှေမန်း**

# တို့ကမ္ဘာမြေသာယာဖို့ အမှိုက်စနစ်တကျ စွန့်ပစ်စို့ အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ ဖြန့်ဝေ

**ပျော်ဘွယ် ဖေဖော်ဝါရီ ၂၆**

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဦးဆောင်၍ ခရီးသွားပြည်သူများအနေဖြင့် အမှိုက်များကို လမ်းမပေါ်တွင် မစွန့်ပစ်ဘဲ စနစ်တကျ စွန့်ပစ်ရမည့် အမှိုက်ပုံး၊ အမှိုက်ကန်များရှိသည့်နေရာတွင်သာ စွန့်ပစ်ကြရန် အသိပညာပေး လက်ကမ်းစာစောင်အား ဖေဖော်ဝါရီ ၂၄ရက် ညနေ ၄ နာရီက ရန်ကုန်-မန္တလေး ကားဟောင်း၊ ကင်းတားကျေးရွာအနီး မြို့ဝင်ဘီးခွန်ကောက်ခံသည့်နေရာတွင် ဖြန့်ဝေခဲ့သည်။

တို့ကမ္ဘာမြေ သာယာဖို့ အမှိုက်စနစ်တကျ စွန့်ပစ်စို့ အသိပညာပေးလက်ကမ်းစာစောင်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာစိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်အောင်နှင့်ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက လက်ကမ်းစာစောင်များအား အခမဲ့ ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မင်းမင်းထွေး(ပျော်ဘွယ်)**

**အသက်သည်**
**သွေး၊**
**သွေးသည် အသက်။**

# ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပီသနိုးရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပီသနိုးရှေးဟောင်းသုတေသနပြတိုက် ပုံမှန်ဖွင့်လှစ်

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၏ အနောက်ဘက်(၁၂)မိုင်ခန့်အကွာ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပီသနိုးရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပီသနိုးရှေးဟောင်းသုတေသနပြတိုက်ကို ၂၀၀၄ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် ပန္နတ်တင်ဆောက်လုပ်ခဲ့သည်။ ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့ပြီး ၂၀၀၈ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် အများပြည်သူဝင်ရောက်လေ့လာနိုင်ရန် စတင်ဖွင့်လှစ်ပြသခဲ့သည်။

ပီသနိုးရှေးဟောင်းသုတေသနပြတိုက်အတွင်းတွင် ကျောက်ခေတ်၊ သံခေတ်၊ ကြေးခေတ်ပြကွက်များ၊ ကျောက်ဖြစ်ရုပ်ကြွင်းပြကွက်များ၊ ခလေ့ရှိးရာနေအိမ်ပုံစံငယ်၊ပီသနိုးမြို့ဟောင်းမြေပုံနှင့် သမိုင်းအကျဉ်း၊ ပျူတို့၏ ထင်ရှားသောအမှတ် လက္ခဏာ များ၊ ပီသနိုးမြို့ဟောင်းဝန်းကျင် ဒေသရှိ သမိုင်းမတင်မီခေတ် အထောက်အထားများ၊ ပီသနိုးမြို့ဟောင်းမှ တူးဖော်တွေ့ရှိရသော စာပေဆိုင်ရာ အထောက်အထားများ၊ ပျူစာပေအရေးအသား၊ပျူခေတ်အုတ်များ၊ ရေစင်တော်သွန်းအိုး၊ ကြေးဗုဒ္ဓဆင်းတု၊ ငှက်ရုပ်ပုံအရိုးအိုး၊ အရိုးအိုးမြှုပ်နှံမှုဆိုင်ရာ အဆောက်အအုံ (ပုံစံငယ်)၊ တော်ဝင်ဗိသုကာ အထောက်အထားများ၊မြို့ရိုးနှင့် အရန်အတား(ပုံစံငယ်)၊ သပိတ်ပုံအရိုးအိုး၊ ပျူဒင်္ဂါးများ၊ ပျူပုတီးစေ့များစသည့် တူးဖော်တွေ့ရှိမှု သမိုင်းဆိုင်ရာ အထောက်အထားများကို စိတ်ဝင်စားဖွယ်ရာ ခင်းကျင်းပြသထားသည်။

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေဖော်ထုတ်ရန်၊ ထိန်းသိမ်းရန်၊ တိုးတက်ပြန့်ပွားအောင်ဆောင်ရွက်ရန်နှင့် ယင်း သို့ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံနှင့် လူမျိုးကို လေးစားချစ်ခင်မြတ်နိုးစေရန်ဆိုသည့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ မူဝါဒနှင့်အညီ ပီသနိုးရှေးဟောင်းသုတေသနပြတိုက်ကို ဖွင့်လှစ်ပြသခဲ့ခြင်း ဖြစ်သည်။

ပီသနိုးရှေးဟောင်းသုတေသနပြတိုက်ကို တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များမှအပ နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄နာရီခွဲအထိ ဖွင့်လှစ်ထားရှိပြီး ပြည်တွင်းခရီးသွားများအနေဖြင့် အခမဲ့ ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

နောင်နောင် (ပီသနိုးမြေ)



ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



## ဒေသဖွံ့ဖြိုးရေး လမ်း၊ တံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**တာချီလိတ် ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၌ ဒေသဖွံ့ဖြိုးရေး လမ်း၊ တံတားလုပ်ငန်းများကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတို့ ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးဝင်းကျော်မျိုး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာလင်းနှင့် စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမောင်မောင်မိုးဝင်းတို့သည် အရှည်ငါးမိုင်ရှိ တာချီလိတ်-မိုင်းဆတ်လမ်း (ဆန်ဆိုင်းမြို့ပတ်လမ်း)အား မြေသားလမ်းမှ ကွန်ကရစ်လမ်းအဆင့်မြှင့်တင်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရာဂီမုန်တိုင်းဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် လွယ်တော်ခမ်းကျေးရွာအုပ်စုရှိ မယ်ဆိုင်ချောင်းကူးတံတားအား အရှည် ၈၀ ပေရှိ သံဘောလီတံတားဖြင့် ပြန်လည်တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်အား ကြည့်ရှုစစ်ဆေးရာ တာချီလိတ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဝင်းနိုင်နှင့် တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

## ရုံးပတီသီးစိုက်ပျိုးခြင်းဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးတောင်သူများ အပိုဝင်ငွေများ ရရှိ

**မန္တလေး ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးတောင်သူများမှာ တစ်နိုင်တစ်ပိုင် ရုံးပတီသီးများကို စိုက်ပျိုးခြင်းဖြင့် အပိုဝင်ငွေများ ရရှိလျက်ရှိကြောင်း စိုက်ပျိုးတောင်သူများထံက သိရသည်။

ရုံးပတီသီးသီးနှံမှာ စိုက်ပျိုးရလွယ်ကူပြီး အချိန်ကာလသတ်မှတ်ချက်မရှိခြင်း၊ ဝယ်ယူမှုကောင်းမွန်ခြင်းနှင့် စိုက်ပျိုးစရိတ်နည်းပါးခြင်းတို့ကြောင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးသင့်ပြီး အပိုဝင်ငွေရရှိနိုင်သော သီးနှံအမျိုးအစားဖြစ်သည်။

"ရုံးပတီသီးက အချိန်မရွေးစိုက်လို့ရတယ်၊ စိုက်ပြီးနှစ်လကျော်ရင် စတင်ခူးဆွတ်လို့ရတယ်၊ ရောင်းချရာမှာလည်း ဘယ်ကုန်စိမ်းပွဲရုံကိုပဲ သွင်းသွင်း အလွယ်တကူဝယ်ယူကြတယ်၊ ဈေးနှုန်းက မှန်တန်းတစ်ခုဖြစ်နေတော့ တောင်သူတွေအတွက် အဆင်ပြေတယ်"ဟု စိုက်ပျိုးသူတစ်ဦးက ပြောသည်။

စိုက်ပျိုးရာတွင် တစ်ဧကလျှင် 10Kgတစ်အိတ်ကုန်ကျပြီး တန်ခြားသုံးပေ၊ ပင်ခြားတစ်ပေ တစ်ပင်ခွဲထားရှိကာ ပေါင်ခတ်စနစ်ဖြင့် စိုက်ပျိုးနိုင်ကြောင်း၊ မျိုးအနေဖြင့် ပင်ပု၊ ပင်လတ်၊ ပင်မြင့်မျိုးခွဲခြားစိုက်ပျိုးကြပြီး ပင်လတ်မျိုးအား အများဆုံးစိုက်ပျိုးကြသည်။

တစ်ဧကလျှင် စိုက်ပျိုးကုန်ကျစရိတ်အနေဖြင့် ငွေကျပ်သုံးသိန်းကျော်ခန့်သာ ကုန်ကျပြီး တစ်ဧကလျှင် ပိဿာချိန် တစ်ထောင်ကျော် ထွက်ရှိကြောင်း၊ ထွက်ရှိလာသည်များကို နယ်မြို့များနှင့် မန္တလေးမြို့ရှိ ကုန်စိမ်းလက္ကားဈေးများထံသို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။



(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၈)

## အခြေခံစားသောက်ကုန်များအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

**မန္တလေး ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ယနေ့ နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ ၁၁၇လမ်း၊ ၅၉လမ်းနှင့် လမ်း ၆၀ ကြား၊ ရန်အောင်ဈေးရှေ့ တွင် ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချပေးမည့် အစီအစဉ်များမှာ ဖေဖော်ဝါရီ ၂၈ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့်၂၇လမ်းကြား၊ ၇၁လမ်း နှင့် ၇၂လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)



## ဒီဂျစ်တယ်အသိပညာ၊ ခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

**ညောင်ဦး ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ပုဂံယွန်းပညာကောလိပ်၌ ဒီဂျစ်တယ်အသိပညာခံယူချက် နှင့် အလေ့အကျင့်ဆိုင်ရာသင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီက ယွန်းပညာကောလိပ်(ပုဂံ)အစည်းအဝေးခန်းမတွင် ကျင်းပသည်။

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ပုဂံယွန်းပညာကောလိပ်တွင် MEKONG LANCANG COOPERATION FUND 2024 ၊ Digital ဒီဂျစ်တယ် အသိပညာခံယူချက်နှင့်အလေ့အကျင့်ဆိုင်ရာ သင်တန်းဖွင့်ပွဲတွင် ယွန်းပညာကောလိပ်(ပုဂံ) ကျောင်းအုပ်ဆရာ မကြီး ဒေါ်နီလာမြင့်က အဖွင့်အမှာစကားပြောကြားပြီး ညောင်ဦး ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးဦးသန်းစိုးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဒီဂျစ်တယ် အသိပညာခံယူချက်နှင့်အလေ့အကျင့်ဆိုင်ရာ သင်တန်းအား စာတွေ့၊လက်တွေ့ Power Pointဖြင့် တင်ပြအကြောင်းအရာများ၊ မှတ်ပုံတင်ဆိုင်ရာအမိန့်ထုတ်ပြန်ခြင်း၊ စနစ်တွင် ဆောင်ရွက်ထားသည့်အချက်များ၊ ကြိုတင်ပြင်ဆင်ထားသင့်သည့်အချက်များ၊ လျှောက်ထားရာတွင် သတိပြုရမည့်အချက်များ၊ ကုန်စည်အုပ်စုနှင့်ဝန်ဆောင်မှုအုပ်စုသတ်မှတ်ချက်များ eComReg System Online Sales မှတ်ပုံတင်လက်မှတ်လျှောက်ထား၊ ထုတ်ယူပုံအဆင့်ဆင့်တို့အား ရှင်းလင်းသင်ကြားရာ သိရှိလိုသည်များအား သင်တန်းသား၊ သင်တန်းသူများက ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(၄၈၁)



## ကန့်ဘလူမြို့တွင် ကန့်ဘလူ၊ ကောလင်းနှင့် ရေဦးခရိုင်အတွင်းမှ နေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ငွေ ချီးမြှင့်ပေးအပ်

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကောလင်းခရိုင်နှင့် ရေဦးခရိုင်အတွင်းမှ နေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေ ချီးမြှင့်ပေးအပ်ခြင်းကို ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲပိုင်းတွင် ကန့်ဘလူခရိုင် စုပေါင်းရုံးရှိ ရွှေဆည်မြိုင်ခန်းမတွင် ကျင်းပသည်။

ထောက်ပံ့ငွေချီးမြှင့်ရာသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နေရပ်စွန့်ခွာပြည်သူများ တက်ရောက်ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က ကန့်ဘလူခရိုင်၊ ကောလင်းခရိုင်နှင့် ရေဦးခရိုင်အတွင်းမှ နေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေ ချီးမြှင့်ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်သည်။

ကန့်ဘလူခရိုင်၊ ကောလင်းခရိုင်နှင့် ရေဦးခရိုင်အတွင်းမှ နေရပ်စွန့်ခွာပြည်သူ ၃၉၁၂ ဦးအား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် တစ်လစာ ထောက်ပံ့ချီးမြှင့်ငွေကျပ် ၇၈၂၄၀၀၀၀ (ခုနစ်ရာရှစ်ဆယ့်နှစ်သိန်း လေးသောင်းကျပ်)အား အသီးသီး ပေးအပ်သည်။

ချီးမြှင့်ငွေပေးအပ်အပြီးတွင် ကန့်ဘလူခရိုင်အတွင်းရှိ နေရပ်စွန့်ခွာ ပြည်သူများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်စကားပြောကြားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၃၉၄)**

## မန္တလေးမြို့ သမုဒယပန်းချီပြခန်း၌ ဆရာမင်းနွယ်စိုး၏ ' စိတ်နှင့်လက်-၂ ' အမည်ဖြင့် တစ်ကိုယ်တော် ပန်းချီပြပွဲ ကျင်းပမည်

**မန္တလေး ဖေဖော်ဝါရီ ၂၆**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ၇၁လမ်း၊ လမ်း၄၀နှင့် ၄၁လမ်းကြား၊ ဇောတိကုန်းအရှေ့ပေါက်ရှိ သမုဒယပန်းချီပြခန်းတွင် မတ်လ ၁ ရက် နံနက် ၉ နာရီတွင် ပန်းချီဆရာ မင်းနွယ်စိုး၏ 'စိတ်နှင့်လက်-၂' အမည်ဖြင့် တစ်ကိုယ်တော်ပန်းချီပြပွဲကို ဖွင့်လှစ်ပြသသွားမည် ဖြစ်သည်။

ပန်းချီဆရာ မင်းနွယ်စိုးသည် မန္တလေး ပန်းချီပန်းပုကျောင်း၌ ပညာသင်ကြားခဲ့ပြီး ဆရာဖြစ်သူများမှာ ဦးဇော်ဝင်း (သစ်ထွင်း)၊ ဦးမာလာ၊ ဦးခင်မောင်စန်း၊ ဦးကြည်သိန်း၊ ဦးစိုးဝင်းအောင်၊ ဦးမြင့်ကျော်ထက်၊ ဦးစူးမြင့်သိန်း၊ ဦးမြင့်ထွန်း၊ ဦးညဏ်ထွန်း၊ ဦးမျိုးမြင့်သိုက်၊ ဦးဇေယျာအေး၊ ဦးညမင်းကျော်တို့ဖြစ်ကြပြီး ပန်းချီနည်းပြဆရာ၊ စာနယ်ဇင်းသရုပ်ဖော် ပန်းချီရေးဆွဲခြင်း၊ တေးသီချင်းရေးစပ်ခြင်းဖြင့် FULL TIME ARTIST အဖြစ် ရပ်တည်လျက်ရှိသော GROUP SHOW များ များစွာ ပြသခဲ့ကာ ယခု ပန်းချီပြပွဲမှာ ဒုတိယအကြိမ် တစ်ကိုယ်တော် ပန်းချီပြသခြင်း ဖြစ်သည်။

အဆိုပါ ပန်းချီပြပွဲအား မတ်လ ၁ ရက်မှ ၃ ရက်အထိ သုံးရက်တိုင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်၍ ပန်းချီအနုပညာ ချစ်မြတ်နိုးသူများ လာရောက်လေ့လာ ကြည့်ရှုနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၇၀)**

*-*-*-*-*









## တောင်တွင်းကြီးမြို့နယ်၌ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၌ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယမန်နေ့ နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိတာရီထွန်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ပြည့်ဖြိုးအောင် ရောင်းဝယ်ရေး သမဝါယမအသင်းသားများမှ ဆောင်ရွက်သည့် ပဲကြော်၊ ပဲလှော်လုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုခဲ့ကာ သဲကျွန်းကျေးရွာ၊ ရေပြည့်ကျေးရွာ၊ ကြည်လျှာကျေးရွာနှင့် ညောင်ရွာ ကျေးရွာတို့ရှိ သမဝါယမအသင်း အမှုဆောင်များနှင့် အသင်းသားများအား တွေ့ဆုံပြီး သမဝါယမ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် သမဝါယမသင်တန်းကျောင်းများတွင် တက်ရောက်ရန် လိုအပ်သည့် အချက်အလက်များနှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**နောင်နောင်(မိဿနိုးမြေ)**

## ဟင်းသီးဟင်းရွက်များတွင် ကျန်ရှိသည့် ဓာတ်ကြွင်းတွေကို အလွယ်တကူဖယ်ရှားနည်း

ကျွန်ုပ်တို့ နေ့စဉ်စားသုံးနေသော အသီးအနှံနှင့် ဟင်းသီးဟင်းရွက်တွေမှာ ဓာတုပိုးသတ်ဆေး ဓာတ်ကြွင်းတွေ မြောက်မြားစွာ ပါဝင်နေတာကို အထူးသတိထား ဖယ်ရှားသင့်ပါတယ်။

ဒီဓာတုဓာတ်ကြွင်းတွေဆိုတာက စိုက်ပျိုးစဉ် ကာလတစ်လျှောက် သီးနှံအထွက်တိုးဖို့နဲ့ သီးနှံတွေမှာ သုံးတဲ့ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးနဲ့ ဓာတ်မြေဩဇာတွေကို အသုံးပြုခြင်း ဖြစ်ပါတယ်။ အစားအသောက် ကွပ်ကဲရေးအဖွဲ့အစည်းတွေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကလည်း ယနေ့ခေတ် အသီးအနှံတွေမှာဆိုရင် ဓာတုဓာတ်ကြွင်းတွေ အလွန်အမင်း ပါဝင်နေတယ်လို့ ထောက်ခံခဲ့ကြပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းကလည်း ဒီလိုဓာတုဓာတ်ကြွင်း မြောက်မြားစွာ ပါဝင်နေသော အစားအသောက်တို့ကို နေ့စဉ်သတိမမူဘဲ စားသောက်နေမယ်ဆိုရင် ရေရှည်မှာ ကင်ဆာရောဂါ၊ ဦးနှောက်နှင့် အာရုံကြောစနစ်နှင့် မျိုးပွားခြင်းစနစ်တွေကို ထိခိုက်စေမည့်အပြင် သန္ဓေသားလောင်းမှာလည်း ထိခိုက်မှုတွေ ရှိလာနိုင်ပါတယ်။ ဒါကြောင့် အိမ်မှာနေရင်းကနေ နေ့စဉ်ကိုယ်စားသုံးမယ့်သီးနှံတွေကို ဘယ်လိုအန္တရာယ်ကင်းအောင် လုပ်ဆောင်နိုင်မလဲဆိုတာကို အောက်မှာပေးထားတဲ့ အချက်အလက်တွေကနေ သိရှိနိုင်မှာပဲ ဖြစ်ပါတယ်။

**၁။ ဆားဖျော်ရည်ဖြင့် သန့်စင်ခြင်း**

ပထမတစ်နည်းကတော့ အသီးအနှံတွေကို ရေဖြင့်ဆေးကြောရာမှာ ရေတစ်လီတာမှာ ၂၀ ဂရမ် ပမာဏရှိသော ဆားကို ထည့်ပေးမယ်ဆိုရင် အသီးအနှံတွေရဲ့ မျက်နှာပြင်ပေါ်က ကျန်နေတဲ့ ပိုးသတ်ဆေးဓာတ်ကြွင်း ၇၀-၈၀ ရာခိုင်နှုန်းအထိ ဖယ်ရှားပေးနိုင်တာပဲ ဖြစ်ပါတယ်။ အထူးသဖြင့် အသီးအနှံတွေဖြစ်တဲ့ စပျစ်၊ ပန်းသီး၊ မာလကာ၊ မက်မန်း၊ သရက်၊ သစ်တော်သီး စတဲ့ အသီးတွေနဲ့ ဟင်းသီးဟင်းရွက်တွေဖြစ်တဲ့ ခရမ်းချဉ်သီး၊ ခရမ်းသီးနှင့် ရုံးပတီတို့မှာဆိုရင် ဓာတုဓာတ်ကြွင်းတွေ မြောက်မြားစွာ ပါဝင်နိုင်တဲ့အတွက် သေချာစွာ ဆေးကြောပေးဖို့ လိုအပ်ပါတယ်။

**၂။ ရှာလကာရည်ဖြင့် သန့်စင်ခြင်း**

ဒုတိယတစ်နည်းကတော့ ရေ တစ်လီတာမှာ ၁၀ ဂရမ် ပမာဏရှိသော ရှာလကာရည်ကို ထည့်ပြီး နှံ့အောင်မွှေပါ။ ရှာလကာ ရောထားသော ရေဖြင့် အသီးအနှံတွေကို ဆေးကြောပေးခြင်းဖြင့်လည်း အသီးအနှံတွေရဲ့ မျက်နှာပြင်ပေါ်က ကျန်နေတဲ့ ပိုးသတ်ဆေး ဓာတ်ကြွင်းတွေကိုလည်း ဖယ်ရှားနိုင်ပါတယ်။ ဒါပေမဲ့ ဘယ်ရီသီးတွေ နောက်ပြီး အခွံပါးတဲ့ အသီးအနှံတွေကို ဆေးကြောရာမှာတော့ ဒီရှာလကာရည်က အသီးအနှံတွေရဲ့ မျက်နှာပြင်ကို ထိခိုက်စေနိုင်တဲ့အတွက် သတိထားပြီး ဆေးကြောပေးဖို့တော့ လိုအပ်ပါတယ်။

**၃။ သင့်တော်သော ရေနွေး အပူချိန်ဖြင့် ဖယ်ရှားခြင်း**

တတိယအနေနဲ့ဆိုရင် ဟင်းသီးဟင်းရွက်တွေကို ရေနွေးထဲမှာ ခဏလောက် စိမ်ပါ။ ဒီလိုနည်းနဲ့ အသီးအနှံတွေရဲ့ မျက်နှာပြင်ပေါ်က ကျန်နေတဲ့ ပိုးသတ်ဆေးဓာတ်ကြွင်းတွေကိုလည်း ပြောင်စင်နိုင်ပါတယ်။နောက်ဆုံးအနေနဲ့ကတော့ အသီးအနှံတွေကို အခွံနွာပြီးမှ စားသုံးခြင်းဖြင့်လည်း ဓာတုဓာတ်ကြွင်းတွေကို ဖယ်ရှားပြီးသား ဖြစ်သွားနိုင်ပါတယ်။ ကြက်သား (သို့မဟုတ်) တခြားသော အသားတွေကို စားသုံးရာမှာဆိုရင်လည်း အဆီတွေနဲ့အရေပြားတွေမှာ ဓာတုဓာတ်ကြွင်းတွေက စုနေနိုင်တဲ့အတွက် အဲလိုနေရာတွေကို ဖယ်ရှားပြီး စားသုံးသင့်ပါတယ်။

**ရွှေမန်း**



## ရတနာပုံတက္ကသိုလ် (၂၅)နှစ်မြောက် သုတေသနစာတမ်းရှင်များအား အကောင်းဆုံးစာတမ်းဆုများ ပေးအပ်ချီးမြှင့်

**မန္တလေး ဖေဖော်ဝါရီ ၂၆**

ဖေဖော်ဝါရီ ၂၂ ရက်တွင် ကျရောက်သည့် ရတနာပုံတက္ကသိုလ်၏ (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ်အဖြစ် သုတေသနစာတမ်းဖတ်ပွဲတွင် စာတမ်းများတင်သွင်းဖတ်ကြားခဲ့ကြသည့် စာတမ်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် အကောင်းဆုံးသုတေသနစာတမ်းဆုများ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၁ နာရီက အဆိုပါတက္ကသိုလ်ရှိ အမရပူရခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပါမောက္ခချုပ်ဒေါက်တာ တင့်မိုးသူဇာက ဂုဏ်ပြု အမှာစကားပြောကြားသည်။ ထို့နောက် ပါမောက္ခချုပ်က ရတနာပုံတက္ကသိုလ် (၂၅)နှစ်မြောက် ငွေရတု အထိမ်းအမှတ်တွင် စာတမ်းများ တင်သွင်းဖတ်ကြားခဲ့ကြသည့် စာတမ်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အကောင်းဆုံးသုတေသနစာတမ်းဆုများကို ပေးအပ်ချီးမြှင့်ရာ ဝိဇ္ဇာဘာသာရပ်တွင် "ကဗျာအဖွဲ့များက ညွှန်းဆိုသော မြန်မာ့ရိုးရာသနပ်ခါးဓလေ့" စာတမ်းဖြင့် မြန်မာစာဌာနမှ လက်ထောက်ကထိက၊ ဒေါ်စုရည်ဖြိုးအားလည်းကောင်း၊ သိပ္ပံဘာသာရပ်တွင် "Design and Construction of an IOT Based Greenhouse Monitoring and Controlling System" စာတမ်းဖြင့် ရူပဗေဒဌာနမှ ကထိက ဒေါ်ခိုင်တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် အကောင်းဆုံး စာတမ်းရှင်များက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ သုတေသနစာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက်နှင့် ၂၂ ရက်များတွင် ကျင်းပခဲ့ပြီး ဝိဇ္ဇာဘာသာရပ်တွင် မြန်မာစာ (၃)စောင်၊ အင်္ဂလိပ်စာ (၄)စောင်၊ ပထဝီဝင် (၄)စောင်၊ သမိုင်း (၆)စောင်၊ ဥပဒေပညာ (၃)စောင်၊ အရှေ့တိုင်းပညာ (၂)စောင်၊ နိုင်ငံတကာဆက်ဆံရေးပညာ (၂)စောင်၊ ရှေးဟောင်းသုတေသနပညာ (၂)စောင်၊ စာကြည့်တိုက်နှင့်သုတပညာ (၁)စောင်၊ စီးပွားရေးပညာ (၁)စောင်တို့အားလည်းကောင်း၊ သိပ္ပံဘာသာရပ်တွင် ဓာတုဗေဒ (၂)စောင်၊ ရူပဗေဒ (၁၂)စောင်၊ သင်္ချာ (၂)စောင်၊ သတ္တဗေဒ (၁)စောင်၊ ရုက္ခဗေဒ (၂)စောင်၊ ဘူမိဗေဒ (၁)စောင်၊ စုစုပေါင်း စာတမ်း ၄၈ စောင်ကို တင်သွင်းဖတ်ကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(ဝ၈၂)




## သီချင်းဆိုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**တပ်ကုန်း ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တပ်ကုန်းမြို့နယ်တွင် မြို့နယ်ဂီတအစည်းအရုံးအဖွဲ့မှ ဦးဆောင်ကျင်းပသည့် ပထမအကြိမ် သီချင်းဆိုပြိုင်ပွဲနှင့် ဈေးရောင်းပွဲ ကျင်းပလျက်ရှိရာ သီချင်းဆိုပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၅ နာရီက အောင်ဆန်းခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပြိုင်ပွဲတွင် ဆန်ခါတင် ၁၂ ဦး ရွေးချယ်ပြီး ဆန်ခါတင် ၁၂ ဦး ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ ဆုရရှိသူများအား မြို့နယ်ဂီတအစည်းအရုံးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်းနှင့် ဈေးရောင်းပွဲတွင် လူသုံးကုန်ပစ္စည်း၊ မီးဖိုချောင်သုံးကုန်ပစ္စည်း၊ အစားအသောက်နှင့် ကလေးကစားစရာအမျိုးမျိုးတို့ဖြင့် စည်းကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း၊ တပ်ကုန်းမြို့နယ်အတွင်း ရှက်ပုန်းသီးအဆိုပညာရှင်များ ပေါ်ထွက်လာစေရေးနှင့် ဝါသနာတစ်ရပ်အနေမဟုတ်ဘဲ စည်းဝါးမှန်ကန်စွာ သီဆိုတတ်စေရန် ရည်ရွယ်၍ မြို့နယ်အဆင့် အဆိုပြိုင်ပွဲ ကျင်းပရခြင်းဖြစ်ကြောင်း မြို့နယ်ဂီတအစည်းအရုံးဥက္ကဋ္ဌထံမှ သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*-*-*




## ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ


**အောင်လံ ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ကလေးအလုပ်သမားခိုင်းစေခြင်း မရှိစေရန် ရည်ရွယ်၍ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက အောင်လံမြို့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် အောင်လံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသိန်းက အဖွင့်အမှာစကားပြောကြားရာတွင် ကလေးအလုပ်သမားများ၏ အလုပ်ချိန် ကန့်သတ်ချက်၊ ကလေး၊ လူရွယ်၊ လူငယ်၏ အဓိပ္ပာယ်ဖော်ပြချက်၊ "ကလေးအလုပ်သမားဆိုသည်မှာ" ဟူသည့် အကျယ်ဖွင့်ဆိုချက်များ၊ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် ရည်မှန်းချက်(၆)ရပ်၊ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေ ၂၀၁၉ ခုနှစ် ဥပဒေပုဒ်မ ၂၀၃(ခ)(၁) အကြောင်းအရာများ၊ ကလေးအလုပ်သမားခိုင်းစေခြင်းဖြင့် ချမှတ်နိုင်သော ထောင်ဒဏ်၊ ငွေဒဏ်များကို ကလေးသူငယ်များ သိစေရန် ပြောကြားပေးခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသ၊ ရုပ်ပြ၊ မဂ္ဂဇင်းစာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။ (ယာပုံ)

အာကာ(ပြန်/ဆက်)




ဖတ်စရာ၊ မှတ်စရာ
စုံလင်

## လှဆုံးပြုံးရွှင် စွမ်းအားရှင်

* ဗုဒ္ဓဟောကြား
တရားဒေသနာ ၊ ငါးဖြာရန်မီး
ဖိစီးကြုံလာ ၊ မြန်စွာရှေ့ထွက်
ပြည်သူ့တွက်ဟု ၊ အသက်စွန့်စား
ထိုလူများသည် ၊ နိုင်းကာမမီ
ဂုဏ်ရည်ထွန်းပ ၊ ပရဟိတ ။

* သာရေး နာရေး
အလေးပေးကာ ၊ မြို့ပြည်ရွာနှံ့
ချိန်ခါမလင့် ၊ ကူညီခွင့်အား
မျှော်လင့်စိတ်မှာ ၊ တွေးပူဖြာခဲ့
ရာဖွေသတိ ၊ အမြဲရှိလျက်
သတ္တိထွန်းပြောင် ၊ သူရေ့ဆောင် ။

* ရဲရင့်စိတ်ထား
စွမ်းပကားဖြင့် ၊ မီးကြား ရေကြား
ကျော်ဖြတ်လွှား၍ ၊ များထွေလူမှု
သူရေးရှုသည် ၊ ကောင်းမှုရွယ်ကာ
ဤလူ့ရွာအား ၊ ခန္ဓာကိုယ်စွန့်
နောက်မတွန့်ပြီ ၊ ရှေ့သို့ချီ ။

* လုပ်အားပေးလှူ
ကုသိုလ်ယူ၍ ၊ ပြည်သူအပေါင်း
ငြိမ်းစေကြောင်းသာ ၊ ပူးပေါင်းပါဝင်
ပြည်တခွင်ဝယ် ၊ နေသွင်တမျှ
လ,နယ်တနှုန်း ၊ လှဆုံးပြုံးရွှင်
စွမ်းအားရှင်အား ၊ ဂုဏ်တင်လေးစား
ကလောင်အားဖြင့်
ရေးသားစာသီ ၊ ကမ္ဗာတည်သို့ ။ ။

ဇော်မြင်းမိုရ်(မီးရထား)



# သတင်းပဒေသာ

## မီးဘေးကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့တွင် မီးဘေးကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ခြင်းကို ယမန်နေ့ နံနက် ၉နာရီက မြို့တွင်းလှည့်လည်၍ ပြုလုပ်ခဲ့သည်။

မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသိန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် မြို့နယ်အတွင်း မီးလောင်မှုမီးလန့်မှုများ မဖြစ်ပွားမပေါ်ပေါက်စေရေးအတွက် ရပ်ကွက်နေပြည်သူများအား မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေ၊ သဲ၊ မီးသတ်ဆေးဘူးများ အိမ်တိုင်းဆောင်ထားရန် မီးကို သတ်မှတ်အချိန်အတွင်း သတိပြုသုံးစွဲရန် လေပြင်းတိုက်ခတ်ချိန်အတွင်း မီးငြိမ်းသတ်ထားကြရန် မြို့တွင်းလှည့်လည်၍ အသိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာ သင်တန်းဖွင့်

ကချင်ပြည်နယ်၊ ပူတာအိုခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ အသေးစား၊ အငယ်စားစီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွန်းလာစေရန်၊ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်းအားဖြင့် ပြည်သူများ ဝင်ငွေတိုးပွားလာစေရန် တစ်ပိုင်တစ်နိုင်ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်လုပ်ကိုင်လာနိုင်စေရန်နှင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်ပြင်နည်းပညာများ သင်ကြားပေးခြင်းအားဖြင့် ဆိုင်ကယ်ပြင်ဆိုင်များ တိုးပွားလာကာ ခရီးသွားပြည်သူများအတွက် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းပညာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ပူတာအိုမြို့နယ် ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း (Smart Village) အကောင်အထည်ဖော်ဆောင်ရွက်သည့် မူလာအွန်ကျေးရွာချမ်းသာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## စာကြည့်တိုက်အဆောက်အအုံသစ် တည်ဆောက်လျက်ရှိ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၊ သစ်ဆိမ့်ပင်ကျေးရွာတွင် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီမှ မ,တည်ငွေဖြင့် ဆောက်လုပ်ခဲ့သည့် စာကြည့်တိုက်အဆောက်အအုံသစ် တည်ဆောက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက ၈၅ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးပြီ ဖြစ်သည်။

ကျေးရွာစာကြည့်တိုက်ကို မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီမှ မ,တည်ငွေကျပ်သိန်း ၁၅၀ ဖြင့် အလျား ပေ ၂၀၊ အနံ ၂၁ပေ၊ တစ်ထပ်အဆောက်အအုံသစ်တည်ဆောက်ခြင်းနှင့် ဒေသခံဆောက်လုပ်ရေးအဖွဲ့မှ တာဝန်ယူတည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေဖြင့် ကသာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ကြီးကြပ်၍ ဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ကသာခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ယာယီခန်းမတွင် ယမန်နေ့ မွန်းလွဲ ၂ နာရီက ပြုလုပ်ရာ ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဆွေက အမှာစကားပြောကြားသည်။

သင်တန်းတွင် ပန်းကန်ဆေးဆပ်ပြာရည်၊ အဝတ်လျှော်ဆပ်ပြာရည်၊ လက်ဆေးဆပ်ပြာရည်၊ ကိုယ်တိုက်ဆပ်ပြာရည်၊ ခေါင်းလျှော်ဆပ်ပြာရည်၊ သဘာဝခေါင်းလျှော်ဆပ်ပြာရည်၊ (Herabl) ရေချိုးဆပ်ပြာရည်၊ (Herabl၊ ဓာတုနည်း)၊ အမွှေးရည် Scrub ပြုလုပ်နည်းနှင့် မျက်နှာသစ်ဆပ်ပြာပြုလုပ်နည်း (၁၅)မျိုး ပြုလုပ်နည်းသင်တန်းကို ၂၄-၂-၂၀၂၅ ရက်မှ ၂၈-၂-၂၀၂၅ ရက်ထိ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးဖြင့် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# သုခကာရီ ကျန်းမာရေးနှင့်လူမှုကူညီရေးအသင်း (၁၅)နှစ်ပြည့် နှစ်ပတ်လည်အောင်ပွဲ အခမ်းအနား ကျင်းပ



**စစ်ကိုင်း ဖေဖော်ဝါရီ ၂၆**

စစ်ကိုင်းမြို့၊ သုခကာရီ ကျန်းမာရေးနှင့် လူမှုကူညီရေး အသင်းကြီး (၁၅)နှစ်ပြည့် နှစ်ပတ်လည်အောင်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီက လေးကျွန်းမြေအုဋ် ကျောင်းတိုက်အတွင်း ကျင်းပခဲ့သည်။

အခမ်းအနားတွင် သုခကာရီ ကျန်းမာရေးနှင့် လူမှုကူညီရေး အသင်းကြီး၏ ဩဝါဒါစရိယ ဆရာတော်ဘုရားများ ကြွရောက်တော်မူကြပြီး စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် ဌာနဆိုင်ရာများ၊ သုခကာရီကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းကြီး နာယကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊အလှူရှင်မိသားစုများက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ရွှေစုဝံဆရာတော်ဘုရားကြီးထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကြကာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းခဲ့ကြပြီး သုခကာရီကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းကြီးအတွက် အလှူရှင်များ၏ လှူဒါန်းငွေများကို တာဝန်ရှိသူများက လက်ခံပေးခဲ့ကြသည်။

ဆက်လက်၍ စစ်ကိုင်းတောင်ရိုး ခေမာသီဝံကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးထံမှ အနုမောဒနာတရားများ နာယူကြည်ညိုကြပြီး လှူဖွယ်ဝတ္ထုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

**မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ၆၂လမ်းနှင့် ၁၅လမ်းထိပ်ရှိ စီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး အလှူခံဌာနတွင် ယမန်နေ့က အလှူရှင် ဦးသန်းဝင်း+ဒေါ်ခင်မာမာတို့က (သမီး) မချစ်ဆုဝေ၏ (၃၁)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အလှူအဖြစ် ဆေးပဒေသာပင်အလှူငွေကျပ်နှစ်သိန်းငါးသောင်းကို ဆေးရုံဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (မန္တလေးနေ့စဉ်-၁)**





# မန္တလေးတက္ကသိုလ်ကန်တော့ခံ ဆရာ၊ ဆရာမကြီးများ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ငွေလှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၂၆**

မန္တလေးတက္ကသိုလ်ကန်တော့ခံ ဆရာ၊ ဆရာမကြီးများ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသည် ဌာနအသီးသီးမှ တင်ပြလာသော ဆေးဝါးကုသမှုခံယူရသော ကန်တော့ခံဆရာကြီး၊ဆရာမကြီးများအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူဟောင်းများကလည်း ငွေများလှူဒါန်းပေးလျက်ရှိသည်။ (အပေါ်ပုံ)

မန္တလေးတက္ကသိုလ်ကန်တော့ခံ ဆရာ၊ ဆရာမကြီးများ ကျန်းမာရေး စောင့်ရှောက်မှုကော်မတီသို့ ငွေလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၀နာရီက ရွှေပြည်မိုး ကဖေးခန်းမတွင် ကျင်းပရာ ရူပဗေဒကျောင်းသားဟောင်းမှ မွေးနေ့အထိမ်းအမှတ်ငွေကျပ် သုံးသိန်း မိုးညှင်းတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာမဥ္ဇူမြင့်မှ ငွေကျပ် တစ်သိန်း ဦးဇော်မင်းအေး+ဒေါ်နန်းရွှေအေး (သတ္တဗေဒ)မှ ငွေကျပ် တစ်သိန်း၊ ဦးလှမြင့်(သရုပ်ပြဓာတုဗေဒ)မှ ငွေကျပ် တစ်သိန်း၊ စုစုပေါင်း ငွေကျပ် ခြောက်သိန်းကို ပေးအပ်လှူဒါန်းရာ မန္တလေးတက္ကသိုလ်ကန်တော့ခံ ဆရာကြီး၊ဆရာမကြီးများကျန်းမာရေးစောင့်ရှောက်မှုကော်မတီနာယက ဦးတင်မောင် ဒုတိယဥက္ကဋ္ဌ ဦးပိုမြင့်နှင့် ဘဏ္ဍာရေးမှူးဦးစိုးလွင်တို့က လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည် ပေးအပ်ခဲ့ကြောင်း သိရသည်။(ဝ၄၅)

# မန္တလေးချမ်းသာကြီးဆန်လှူအသင်းကြီးမှ အသင်းထောက်များနှင့် တွေ့ဆုံ၊ ဆွမ်းဆန်တော်အိတ်များ ပေးပို့လှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၂၆**

မန္တလေးချမ်းသာကြီး ဆန်လှူအသင်းကြီးသည် မန္တလေးခြောက်မြို့နယ်ရှိ ဝါဆိုသံဃာအပါး ၃၃၀၀၀ကျော်တို့အား (၅၆)ကြိမ်မြောက် မဟာတန္တုလဒါနဆွမ်းဆန်တော် လောင်းလှူနိုင်ရေး၊ ဓမ္မာစရိယကျမ်းပြီးကျမ်းစွဲသီလရှင်များနှင့် ဝါဆိုသီလရှင်များအား ဆွမ်းဆန်တော်လောင်းလှူနိုင်ရေး၊မန္တလေး ဇီဝိတဒါနသံဃာဆေးရုံ၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မန္တလေးဆေးရုံကြီး၊ မျက်စိ၊ နား၊ နှာခေါင်းဆေးရုံ၊ တိုင်းရင်းဆေးရုံတို့အား လှူဒါန်းနိုင်ရန်၊ သက်တော် ၈၀ ကျော်၊ သိက္ခာတော် ၆၀ကျော် မဟာထေရ်မြတ်ကြီးများနှင့် မန္တလေး၊ စစ်ကိုင်း၊မင်းကွန်းဒေသအတွင်း သီတင်းသုံးတော်မူသော အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓရဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား (၄၇)ကြိမ်မြောက် သက်တော်ရှည် ဂုဏာဝယဝုဒ္ဓိပူဇော်ပွဲတွင် လှူဒါန်းရန်နှင့် အဘိဝံသဘွဲ့တံဆိပ်တော်ရ ပညာကျော်စာချဆရာတော်များအား ဆွမ်းဆန်တော်လှူဒါန်းရန်တို့အတွက် ချမ်းသာကြီးဆန်လှူ အသင်းအမှုဆောင်များက ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ဆွမ်းဆန်တော်လှူဒါန်းနိုင်ရေးအတွက် မြန်မာပြည်အရပ်ရပ်မှ စေတနာအလှူရှင်များ၊ အသင်းထောက်များက ဆွမ်းဆန်တော် လှူဒါန်းလျက်ရှိရာ ဖေဖော်ဝါရီ ၂၃ရက်က ကျောက်ဆည်မြို့နယ်၊ ညောင်ရွှေအသင်းထောက်မှ ရှစ်ပြည်ဝင်ဆွမ်းဆန် ၁၇၅အိတ်ကိုလည်းကောင်း၊ ရေတာရှည်အသင်းထောက်မှ ရှစ်ပြည်ဝင်ဆွမ်းဆန်အိတ် ၁၀၀အိတ်ကိုလည်းကောင်း အသင်းရုံးသို့ ပေးပို့လှူဒါန်းခဲ့သည်။

ဆွမ်းဆန်တော်များလှူဒါန်းလိုပါက လေးပြည်ဝင် တစ်အိတ်ငွေကျပ် ၁၅၀၀၀၊ ရှစ်ပြည်ဝင် တစ်အိတ်ငွေကျပ် ၃၀၀၀၀နှုန်းဖြင့် ချမ်းသာကြီးဆန်လှူအသင်း ၂၆လမ်းနှင့် ၈၁လမ်းထောင့်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉၄၄၄၉၆၅၆၅၅၊ ဥက္ကဋ္ဌဖုန်း-၀၉၄၀၂၆၀၆၁၀၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (အောက်ပုံ)

မောင်ပြည်သူ(မန္တလေး)



# လူနှင့် အချိန်

လူနှင့်အချိန်ဟာ အမြဲဆက်စပ်လျက်ရှိနေပါတယ်။ အချိန်နဲ့သွား၊ အချိန်နဲ့လာ၊ အချိန်နဲ့အလုပ်တွေ လုပ်နေရတယ်။

ရှေးခေတ်ဦးကာလတွေက နေမင်းကြီးကို ကြည့်ပြီးတော့ ခန့်မှန်းရတဲ့အချိန်ကာလတွေသာ ရှိခဲ့ကြတယ်။ နေထွက်စအချိန်၊ မွန်းတည့်ချိန်၊ နေဝင်ချိန်တွေနဲ့ ခန့်မှန်းပြီးသွားလာလုပ်ကိုင်ကြရပါတယ်။ ညအခါမှာ ကောင်းကင်က ကြယ်တွေ၊ လတွေကို ကြည့်ပြီး သွားလာလုပ်ကိုင်ကြရတယ်။ အိမ်မွေးကြက်တွေက နံနက်စောစောမှာ တွန်သံတွေ ပြုကြတယ်။ နေ့လယ်မှာလည်း တွန်တယ်။ ညဥ့်နက်သန်းခေါင်ယံမှာလည်း တွန်ကြတယ်။ လူတွေဟာ ကြက်တွန်သံအချိန်ကာလကို မှတ်သားလာကြတဲ့ အလေ့ရှိကြတယ်။

ကုန်းဘောင်ခေတ် မင်းနေပြည်တော်တွေမှာ မျှော်စင်လုပ်ပြီး ပဟိုရ်စည်များ ထားရှိပါတယ်။ အချိန် အချက်ပေးစနစ်နှင့် အရေးပေါ်အချက်ပေးစနစ်တွေထားရှိတာပါ။ ဘုရင့်စစ်သည်တော်များ စစ်ကြောင်းထွက်ကြပြီဆိုလျှင် 'ရေ'နာရီကို အသုံးပြုကြရပါတယ်။ 'နေ'နာရီလည်း သုံးတယ်။

'ရေ'နာရီက လေးလက်မလောက်အချင်းရှိတဲ့ ကြေးခွက်နှစ်ခုပါ။ ခံခွက်နှင့် ရေစိမ့်ခွက် နှစ်ခုရှိရပြီး ခံခွက်တစ်ခုကို အောက်ခြေမှာထားရှိပြီး ရေအပြည့်နီးပါးထည့်ထားရတယ်။ ပုံစံတူအပေါ်ကြေးခွက်၏ အလယ်ဗဟိုမှာ အပေါက်ငယ်တစ်ခု ဖောက်ထားရာ အောက်ခံခွက်အပေါ် ရေမျက်နှာပြင်ပေါ်မှ အပေါက်ပါတဲ့ခွက်ကို တင်လိုက်ရင် အပေါက်ထဲသို့ ရေစိမ့်ဝင်လာပါတယ်။ တဖြည်းဖြည်းချင်း ရေစိမ့်ဝင်လာပြီး အောက်ခြေသို့ ရေစိမ့်ခွက်ရောက်ရှိသွားရင် အချိန်တစ်ခုကို သတ်မှတ်လို့ရပါပြီ။ တစ်နာရီဆိုသော စကားဝေါဟာရ ပေါ် မပေါ် မသိရပါ။

နောက်အမျိုးအစားက 'နေ'နာရီဖြစ်ပါတယ်။ ဖြောင့်တန်းတဲ့ တစ်ပေခန့်ရှိသော တုတ်တစ်ချောင်းကို ပြန့်ပြူးတဲ့မြေမှာ မတ်မတ်စိုက်ထားရပါတယ်။ ထွက်ပေါ်လာတဲ့ 'နေ'၏ရောင်ခြည်က တုတ်တံကို ထိတွေ့လို့ အရိပ်တန်းတန်းပေါ်လာတာကို မှတ်ယူခြင်းဖြစ်ပါတယ်။ နေဟာ အရှေ့မှ အနောက်သို့ လှည့်သွားခြင်းက နေ၏ အရိပ်တို့မှာလည်း တုတ်ချောင်းပေါ်ကို ကျရောက်၍ အရိပ်ဖြစ်လာတယ်။ နေသွားလမ်းကြောင်းအတိုင်း လည်ပတ်သလို တုတ်ချောင်းအရိပ်ကလည်း လည်ပတ်သွားပါတယ်။ တုတ်ချောင်းကို မြေပြင်ညီမှာ ဗဟိုထားစိုက်ထူပြီး အချင်းတစ်ပေခန့် စက်ဝိုင်းဆွဲထားပါက နေ၏လှည့်ပတ်မှုအတိုင်း အရိပ်က လှည့်ပတ်သွားတယ်။ စက်ဝိုင်းမှာ အစိတ်အပိုင်းလိုက် မှတ်သားထားခြင်းဖြင့် အချိန်၊ နာရီစနစ်ကို ရရှိခြင်းဖြစ်ပါတယ်။ သို့ရာတွင် နေသည် တောင်ဝင်ရိုးတန်းအတိုင်း ကျော်ဖြတ်နေပါက တုတ်တိုင်အရိပ်သည် မြောက်ဘက်သို့ ကျရောက်နေပြီး နေသည် မြောက်ဝင်ရိုးစွန်းဘက်သို့ ကျရောက်ပါက တုတ်တိုင်အရိပ်သည် တောင်ဘက်တွင် ကျရောက်နေပါသည်။

ဖော်ပြပါ ရေနာရီ၊ နေနာရီ စနစ်များကို မြန်မာတို့စိတ်ကူးဖြင့် ပြုလုပ်ခဲ့ကြတာပါ။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာတော့ အင်္ဂလိပ်ကိုလိုနီတပ်များ မေမြို့(ပြင်ဦးလွင်)တွင် စစ်ဌာနချုပ် တစ်ခု ချထားခဲ့တယ်။ မျှော်စင်နာရီ မရှိသဖြင့် တစ်နာရီထိုးတိုင်း အမြောက်တစ်ချက်ပစ်ဖောက်၍ တစ်နာရီဖြစ်ကြောင်း ဖော်ပြပေးတယ်။ မြို့သူမြို့သားများက နာရီချိန်ကိုက်မှုရခဲ့ပါတယ်။

နောက်ပိုင်း အင်္ဂလန်(ခ)ဗြိတိန်နိုင်ငံ ဝေလမင်းသား(၂၅)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် မျှော်စင်နာရီ (၂၅)လုံးကို ကိုလိုနီနိုင်ငံများကို ပေးအပ်ရာ မြန်မာနိုင်ငံက တစ်လုံးရရှိခြင်းဖြစ်ပါတယ်။ ထိုနာရီကြီးကို ရန်ကုန်က ကုမ္ပဏီတစ်ခုက တာဝန်ယူပြီး အုတ်ဖြင့် တည်ဆောက်ခဲ့ပြီး အင်္ဂလန်နာရီကြီးကို တပ်ဆင်ပေးခဲ့ပါတယ်။ တစ်နာရီထိုးတိုင်း ခရစ်ယာန်တေးသီချင်း၊ တီးလုံးက သံစုံဖော်ပြပေးပါတယ်။

၁၈၈၅ ခုနှစ်မှာ ပါတော်မူသွားတဲ့ သီပေါမင်းတရား နန်းကျ၍ အိန္ဒိယပြည်၊ ရတနာဂီရိသို့ အပို့ခံရစဉ် ရွှေနာရီတစ်လုံး ဝယ်ပတ်ခဲ့ကြောင်း သိရှိရပါတယ်။ လူတစ်ယောက်မှာ နာရီလိုအပ်တယ်ဆိုတာ သိရှိလာတဲ့ ဆွစ်ဇာလန်နိုင်ငံသည် ပင်နယံခွေးသွားစိတ်ကလေးတွေ အသေးအကြီး၊ အလတ်နဲ့ နာရီလက်တံ၊ မိနစ်လက်တံ၊ စက္ကန့်တံ သုံးမျိုးနဲ့ ဂဏန်းစာလုံး ၁၂ မျိုးကို ချိန်ကိုက်ပြီး သံပတ်ပေးသော့သီးနဲ့ချိန်ကိုက်ဖြစ်အောင် ထုတ်လုပ်ခဲ့ကြတယ်။ နောက်ပိုင်းမှာ ခေတ်မီနာရီတွေ များစွာပေါ်ခဲ့ပါပြီ။ တိုင်ကပ်နာရီ၊ စားပွဲတင်နာရီတွေ ပေါ်လာတယ်။ လေဆိပ်တွေမှာ နာရီအမျိုးမျိုးပြသထားပါတယ်။ မြန်မာစံတော်ချိန်ကို မြန်မာဒေသကို မူတည်ထားပြီးနောက် တိုကျိုစံတော်ချိန်၊ ဘေဂျင်းစံတော်ချိန်၊ ဘန်ကောက်စံတော်ချိန်၊ နယူးယောက်၊ လန်ဒန်၊ ပဲရစ်စသည့် စံချိန်ကိုက် စံတော်ချိန်များကို ပြသထားပါတယ်။

ဆွစ်ဇာလန်နိုင်ငံ နာရီလုပ်ငန်းရှင်များက 'လူနဲ့အချိန်'ကို အတွေးနက်နက် ဖန်တီးခဲ့ကြပါသေးတယ်။ ဂျနီဗာမြို့တော်က ကားလမ်းဘေး ပလက်ဖောင်းများပေါ်တွင် လူတွေ သွားလာနေကြရင်း လွယ်လင့်တကူအချိန်သိရန် စကောပိုင်းလောက်ရှိတဲ့ မှန်ပြားအုပ်နာရီကြီးများ ထားရှိကြတယ်။ နာရီကြည့်ဖို့ မေ့နေသူများကို ချက်ချင်းမြင်သွားစေရန် လူသွားလူလာများကို နာရီကြီးများက အချိန်ကို သတိပေးနေပါတယ်။ မိမိအိမ်က ဧည့်ခံစားပွဲမှာ နာရီကပ်ထားသော ပန်းအိုးကို တွေ့ရပါလိမ့်မယ်။ ဧည့်ခန်းမှာ စကားပြောကြရင်း ပန်းအိုးနာရီက သတိပေးနေတာပါ။ 'ပြောတာတွေ တော်ကြရောပေါ့' ဟု သတိပေးနေသယောင်ပါပဲ'

ဆွစ်ဇာလန်နိုင်ငံက ဈေးအကြီးဆုံးနာရီတွေထဲမှာ ပတ်တာဖီးလစ်၊ ရိုးလက်စ်၊ အိုမီဂါတို့မှာ နာမည်ကြီးလှပါတယ်။ လက်ပတ်နာရီ 'အိုး'ကို ရွှေနှင့်လုပ်ခြင်း၊ ဒိုင်ခွက်မှာ နာရီတံဆိပ် DAY AND DATE တွေ ပြုလုပ်ကြပါတယ်။ အိုးနှုတ်ခမ်းကို စိန်နဲ့ပတ်စီပြီး ခြယ်မှုန်းကြတာတွေလည်း တွေ့ရတယ်။ နာရီအိမ်ရဲ့ နောက်ကျောမှာ မိမိနာမည်ကို အမည်ရေးထိုးလို့ရပါတယ်။ သူကြွယ်တွေက အော်ဒါပေးလိုက်ပါက နာရီကုမ္ပဏီက အထူးပြုလုပ်ပေးကြတယ်။

အချိန်ရဲ့ တိကျမှုများကို သရုပ်ဖော်ရေးသားတဲ့ ဝတ္ထုကောင်းတစ်ပုဒ်ပေါ်လာတယ်။ ပြင်သစ်စာရေးဆရာကြီး ဂျူးဗန်းက (Round The World and Eighty days) ကမ္ဘာကို ရက်(၈၀)နှင့် ပတ်သူဆိုတဲ့ စာအုပ်ပဲဖြစ်ပါတယ်။ ဒီစာအုပ်က ကမ္ဘာကျော်သွားတယ်။ ဒီစာအုပ်ကို စာရေးဆရာကြီး သခင်ဘသောင်းက ဘာသာပြန်ခဲ့ပါတယ်။ ဒီစာအုပ်ကို ကျောင်းသူ၊ ကျောင်းသားများသိရှိစေလို၍ နိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာနက အထက်တန်းကျောင်းသုံးစာအုပ်အဖြစ် ပြဋ္ဌာန်းပေးလိုက်ပါတယ်။ လွန်ခဲ့သော အနှစ် ၆၀ လောက်က ဒီစာအုပ်ရှိပြီ ထင်ပါတယ်။

ထိုဝတ္ထုရဲ့ ဇာတ်ကောင်က 'ဖီးလိယက်ဖောက်'ဖြစ်ပါတယ်။ ကမ္ဘာကို ရက် (၈၀)နှင့် ကျွန်ုပ်ပတ်ပြမယ့်အကြောင်း သူ့မိတ်ဆွေအသိုင်းအဝန်းကို ရှင်းပြခဲ့တယ်။ မိတ်ဆွေတွေက မယုံကြပါဘူး။ နောက်ဆုံး ဖီးလိယက်ဖောက်က လောင်းကြေးထပ်ပြီး စိန်ခေါ်ခဲ့ပါတယ်။

သူသည် ကမ္ဘာ့မြေပုံကို တွက်ချက်ပြီးဖြစ်ပါလိမ့်မယ်။ သူသွားရမည့်နိုင်ငံများကို ကုန်းကြောင်း၊ ရေကြောင်းသွားရမှာဖြစ်တယ်။ သွားမည့်နိုင်ငံတွေကို မှတ်တမ်းတင်ရပါတယ်။ နိုင်ငံ၊ ဒေသ၊ လူမျိုးတွေနဲ့ တွေ့ဆုံပုံ၊ ရိုင်းစိုင်းတဲ့ဒေသတွေပါ ဖြတ်ကျော်ရလို့ အဖမ်းခံခဲ့ရတာလည်းပါတယ်။ သူတပည့် ပါစီပါတောက်ကလည်း အလွန်သေချာပြီး သွက်လက်ဖျတ်လတ်သူအဖြစ် ရွေးချယ်ထားသူ ဖြစ်တယ်။ သူ၏ခရီးစဉ်စတင်ကြောင်း သူ့မိတ်ဆွေတွေကို အသိပေးကြေညာပြီး စတင်ခဲ့ရာမှာ ရက်(၈၀)အတွင်း သူ့နိုင်ငံကို ပြန်ရောက်ခဲ့တဲ့အကြောင်း ရေးသားတဲ့စာအုပ်ပါ။ ကမ္ဘာ့လူငယ်တွေ အချိန်ကို တိကျစွာ ဆောင်ရွက်တတ်သူများဖြစ်စေရန် ရေးသားခဲ့တဲ့ ဝတ္ထုပါ။

ကျွန်တော်တို့နိုင်ငံမှာ ဘဝသမားတွေ၊ အချိန်ကို ဘယ်လိုအသုံးချမလဲဆိုတဲ့အတွေးနဲ့ တစ်ရက်တာရဲ့ တန်ဖိုးကြီးတဲ့အချိန်ကို ဘယ်လိုလေးစား လိုက်နာကြမယ်ဆိုရင် ကုန်ထုတ်စွမ်းအားတွေ ပိုမိုတိုးတက်လာမယ်။ စိုက်ပျိုးရေးလုပ်ငန်းတွေ ပိုမိုတိုးတက်လာမယ်။ အခြားတိုးတက်တဲ့နိုင်ငံတွေ ခြေတစ်လှမ်းလှမ်းမယ်ဆိုရင် ကိုယ့်နိုင်ငံက အလှမ်း ၂၀ လှမ်းကြပါဦးမယ်။



ယနေ့ခေတ်သည် (၂၁)ရာစုကို ကျော်ဖြတ်နေတဲ့အချိန်ကာလဖြစ်နေပါတယ်။ တိုးတက်လွန်း ကမ္ဘာကြီးဖြစ်နေသလို ကမ္ဘာကကျဉ်းသွားပါပြီ၊ သိပ္ပံပညာထွန်းကားလာမှုက ကမ္ဘာကို ရွာတစ်ရွာလောက်ပဲ ရှိတော့တယ်လို့ ဆိုနေကြပြီ။ ယနေ့ ပြောနေတဲ့ AI နည်းပညာ Artifical Intelligent အသိဉာဏ်တုနဲ့ သွားနေပြီ။ တစ်ကမ္ဘာလုံးရဲ့ အသိပညာကို ချက်ချင်း တုံ့ပြန်နိုင်တယ်။ အတွေးအခေါ် ကျမ်းတွေ၊ ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေးကျမ်းတွေ အကုန်ဖြေကြားနိုင်နေပါပြီ။ AI ရဲ့ အတတ်ပညာက စကြဝဠာကို ဦးတည်ခြေလှမ်းနေတဲ့ခေတ်ကြီးဖြစ်နေတယ်။

စကြဝဠာသီအိုရီကို ထုတ်ခဲ့တဲ့ ကမ္ဘာ့ဉာဏ်ကြီးရှင် အယ်လဗတ်အိုင်စတိုင်းဟာ အချိန်ကာလ အာကာသကို လေ့လာတွက်ချက်ခဲ့တဲ့ ပုဂ္ဂိုလ်ထူးကြီးပါ။ အချိန်၏ တစ်စက္ကန့်သည် အချိန်အတွက် မလုံလောက်တော့ပါ။ တစ်စက္ကန့်ကို ၁၀ စိတ် စိပ်ထားလို့ရတဲ့အလျင်ကို ယနေ့သုံးစွဲနိုင်ကြပြီ။ အသံထက်မြန်တဲ့ လေယာဉ်တွေ၊ ဒုံးပျံတွေ ပေါ်လာပြီဖြစ်၍ ရန်သူ့နိုင်ငံတစ်နိုင်ငံကို လက်ဦးမှုရအောင် အဏုမြူဗုံးကြဲနိုင်ရင် သန်းပေါင်းများစွာသော လူဦးရေရှိတဲ့ မြို့တော်တစ်ခု ပြာကျသွားနိုင်တယ်။ ကြယ်တစ်လုံးသည်လည်း မွေးဖွားလာပြီး ကြွေကျသွားတာကို ကြယ်ကြွေတယ်လို့ ခေါ်ကြတယ်။ သူ့မှာ အချိန်ကာလရှိတယ်။ ကျွန်တော်တို့ ကမ္ဘာကြီးလည်း မွေးဖွားလာပြီး ပျက်စီးရမည့် အချိန်ကာလရှိတယ်။

ကမ္ဘာ့အခြေအနေမကောင်းတော့၍ အင်္ဂါဂြိုဟ်မှာ ပြောင်းရွှေ့ဖို့ ကြံစည်နေကြပါတယ်။ လူသားမျိုးပြုတ်မည်လောဆိုတဲ့ စာအုပ်က Has Man a Future လို့ရေးတဲ့ ကမ္ဘာ့လူသားမျိုးပြုတ်မှုကို အမြဲတမ်းဆော်ဩနေတဲ့ ငြိမ်းချမ်းရေး နိုဗယ်ဆုရှင် လော့ဘာထရန်ရပ်ဆယ်ယာ သူမသေဆုံးခင် ရေးသွားခဲ့ပါတယ်။

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတစ်စု တောရွာမှာ နေကြတဲ့ ကိုသာဝတို့အပေါင်းအသင်းရောင်းရင်းတွေ ထန်းတောအောက်မှာ ထန်းရည်သောက်နေကြတယ်။ သူတို့ ရောက်တတ်ရာရာတွေ ပြောနေတာ အချိန်ကုန်မှန်းမသိ၊ အချိန်အကြောင်း လာမပြောနဲ့၊ ကမ္ဘာကြီး ဘာဖြစ်နေတာ သူတို့မသိ၊ နာရီပတ်ထားတဲ့ ကမ္ဘာလှည့် ခရီးသည်တစ်ဦးမြင်တွေ့သွားရင် သနားစရာကောင်းလိုက်တာ . . . အလုပ်လုပ်ရမယ့်အချိန်ကို ဖြုန်းနေလိုက်ကြတာလို့ တွေးထင်ပေလိမ့်မယ်။ စာရေးသူအား ကိုသာဝက လှမ်းခေါ်လို့ အားနာမှုကြောင့် ဝတ္တရားကျေ ထိုင်သောက်မိသွားပြီ။ ရိုင်းရာကျမည်ကို စိုးရိမ်၍ နာရီကို လှည့်မကြည့်ရဲတော့ဘဲ အချိန်နာရီဆုံးရှုံးခဲ့ရတယ်။

ခင်မောင်သန်း(ဒဿနပညာ)

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာ၊ အကွက်အမှတ်(မမ-၂၆)၊ တိုက်အမှတ်(၃၀)၊ အခန်းအမှတ်(၁၆)၊ တတိယထပ်တိုက်ခန်းအား အမည်ပေါက်သူ ဦးဝင်းဆွေ(ခ)ဦးတုတ်ထံမှ ယခုလက်ရှိ ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော(ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရောက်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲပိုင်ခွင့်၊ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသူဟု အဆိုပြုသူ ဒေါ်စုစုနွယ်(ဘ) ဦးမောင်မောင်(၉/မရမ(နိုင်)၀၁၆၀၀၂)က အရောင်းအဝယ်စာချုပ် စာတမ်းများဖြင့် ဝယ်ယူ၍ ယနေ့အထိ အရှုပ်အရှင်းမရှိ နေထိုင်ပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်စုစုနွယ် ဝယ်ယူစဉ်ကတည်းက အဆိုပါတိုက်ခန်း၏ ဝယ်ယူခွင့်အကြောင်းကြားစာ အဝါရောင်စာရွက်မူရင်းမှာ အမည်ပေါက်သူထံတွင် အသိမ်းဆည်းလွန်ကာ ပျောက်ဆုံးနေခဲ့သောကြောင့် ၎င်း၏လက်ဝယ်ရယူခဲ့ခြင်းမရှိပါ။ ယခုအခါ အထက်ဖော်ပြပါ တိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးမင်းနေစိုး(ဘ)ဦးစောလွင်(၅/သကန(နိုင်)၀၈၃၂၈၈)က ဒေါ်စုစုနွယ်ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အရောင်းအဝယ်ကိစ္စအတွက် ပြီးစီးသည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်နန်းအိရွှေစင်(LL.B) (တရားလွှတ်တော်ရှေ့နေ)**

**အကွက်(မမ–၂၇)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၄၀၂၅၃၁၉၉၉၊ ၀၉–၆၉၃၉၉၉၁၁၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံရပ်ကွက်၊ အကွက်အမှတ်(ပပ-၅၆)၊ ဦးပိုင်အမှတ်(၃၃)၊ ၅၈လမ်းနှင့် ၅၉လမ်းကြား၊ ၁၃၅လမ်းနှင့် ၁၃၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမောင်စိန်(၅/ရဉန(နိုင်)၀၅၈၃၁၈)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၈၈၉/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမြင့်ဆွေ(၉/မခန(နိုင်)၁၅၉၀၃၆)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ်(ယခင် ၄၁၅ N၊ ယခု ၄၁၅-မ/၃၈)၊ ဦးပိုင် အမှတ်(ယခင် ၈၀-ဆ၊ ယခု ၁၉)၊ ၅လမ်း၊ ၈၆လမ်းနှင့် ၈၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအေးကျော်(၉/မနမ(နိုင်)၀၁၅၀၅၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၆၈)၊ ဦးပိုင်အမှတ်(၈-င )၊ ၈၂လမ်း၊ ၃၂လမ်းနှင့် ၃၃လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်မော်လီဝင်း(ခ)ဟိုရင်(၁/မညန(ဧည့်)၀၀၀၀၉၁)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၆၅၁/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝင်းမြင့်(ခ)စီချိန် (၉/မရမ(နိုင်)၀၆၄၂၄၄)က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၆၈)၊ ဦးပိုင်အမှတ်(၈-ပ)၊ ၈၂လမ်း၊ ၃၂လမ်းနှင့် ၃၃လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်မော်လီဝင်း(ခ)ဒေါ်ဟိုရင်(၁/မညန(ဧည့်)၀၀၀၀၉၁)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၆၅၀/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝင်းမြင့်(ခ)စီချိန်(၉/မရမ(နိုင်)၀၆၄၂၄၄)က ဘိုးဘအမည်ပေါက် မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၃)၊ ဦးပိုင်အမှတ်(၈၇)၊ ၄၁လမ်း၊ ၅၁လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒု-ဗိုလ်မှူးကြီးသောင်းတင် (၁၂/ဒဂန(နိုင်)၀၁၇၃၆၅)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(A-၁-က)၊ ဦးပိုင်အမှတ်(၂-ခ)၊ ၂၆လမ်း၊ ၅၆လမ်းနှင့် ၅၇လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ဝါဝါမြင့်(၉/ခအဇ(နိုင်)၀၀၇၉၁၀)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၀)၊ ဦးပိုင်အမှတ်(၁၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ တပ်သားတင်ကွန့်အမည်ပေါက်ရှိသော ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း(၂၀×၆၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိကအဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ရွှေယမင်းဖြိုး(ဘ)ဦးဖြိုးဝေလင်း(၁၃/မမတ(နိုင်)၀၆၅၆၁၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အေးအေးခိုင် (တရားလွှတ်တော်ရှေ့နေ)**

**အမှတ်(ဆ–၇ / ၈၅–က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား(၁၀၉လမ်းမှဝင်ရမည်။)**

**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၄၃၁၁၀၇၆၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခေ-၄၅)၊ ဦးပိုင်အမှတ်(၂၉)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိမြေကွက်သည် ဦးချိုဦး အမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏(တောင်ဘက်အစွန်ဆုံးအခြမ်း)၊ အရှေ့အနောက်(၄၀)ပေ၊ တောင်မြောက်(၁၅)ပေ အကျယ်အဝန်းရှိ မြေအစိတ်အပိုင်းနှင့်တကွ ယင်းမြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ဝင်းမာ(ဘ) ဦးလှဝင်း(၉/တသန(နိုင်)၂၂၅၃၆၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသက်နိုင်စိုး(LL.B) (တရားလွှတ်တော်ရှေ့နေ)**

**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင်(LL.B) ဒေါ်မှူးမှူးမြတ်သွယ်(LL.B) ဒေါ်ပွင့်ဖြူကျော်(LL.B)**

**(အထက်တန်းရှေ့နေများ)(TNS Law Firm & Legal Services)**

**(နန–၁၃/၄)၊ လမ်း(၆၀)၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (၈)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၇)၊ ရွာသစ်ကလေးကျေးရွာ၊ အနော်ရထာလမ်းပေါ်ရှိ(RA.I ကွင်းပြင်ရပ်)၊ အကွက်အမှတ်(၁၇)၊ ဦးပိုင်အမှတ်(N-၅)၊ မြောက်ဘက်(၅၄)ပေ၊ တောင်ဘက်(၁၀၅)ပေ၊ အရှေ့ဘက်(၁၅၅)ပေ၊ အနောက်ဘက်(၁၇၂)ပေရှိ ဦးအောင်ကြီး နာမည်ရှိ ရွာမြေကွက်အတွင်းမှ တိကျစွာပိုင်းခြားထားသည့် တွဲလျက်ဖော်ပြပါ Side Plan အတွင်းမှ အကျယ်အဝန်း မြောက်ဘက်(၄၀)ပေ၊ တောင်ဘက်(၅၁)ပေ၊ အရှေ့ဘက်(၅၀)ပေ၊ အနောက်ဘက်(၅၀)ပေရှိ သတ်မှတ်ထားသည့် (A-1)အမည်ပါရွာမြေကွက်နှင့် ယင်းရွာမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိနေထိုင်ပိုင်ဆိုင်သူဟု ဝန်ခံကတိပြုသူ ဦးတေဇာထွန်း(ဘ)ဦးထွန်းလှိုင်(၁၄/ဟသတ(နိုင်)၂၁၇၃၇၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီလျက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

ဖော်ပြပါ ရောင်းဝယ်ခြင်းကိစ္စအပေါ် ကန့်ကွက်တားမြစ်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်အတူ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်တားမြစ်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးပြည့်စုံအောင်(LL.B) (အထက်တန်းရှေ့နေ)**

**၃၀(အေ)လမ်း၊ ၆၅လမ်းနှင့် ၆၆လမ်းကြား၊**

**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၉၇၇၈၇၁၅၂၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၅၁၇-က)၊ ဦးပိုင်အမှတ်(၁၁-က)၊ ဧရိယာ(၀ ဒသမ ၀၄၀၉)ဧကရှိ ဒေါ်ညွှန့်ရီ အမည် ပေါက်ဂရန်မြေကွက်အတွင်းမှ အမွေဆက်ခံစာချုပ် ချုပ်ဆိုထားသော ခဲစင်းဧရိယာ(၀ ဒသမ ၀၂၉၀)ဧက၏ အနောက် ဘက်ခြမ်းရှိ ကျန်မြေဧရိယာ(၀ ဒသမ ၀၁၁၉)ဧကသည် သား၊ သမီး၊ မြေး၊ မြစ်များဖြစ်ကြသော ဒေါ်မြသီတာလှ၊ ဦးလှကိုကိုချစ်၊ ဦးအောင်ကိုလှတို့မှ ပိုင်ဆိုင်ထားပြီး ယခုအချိန်ထိ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ ဂရန်အမည်ပြောင်းလျှောက်ထားခြင်း တစ်စုံတစ်ရာ ပြုလုပ်ထားခြင်းမရှိဘဲ ယခုလက်ရှိအချိန်အထိ အမွေဆက်ခံပိုင်ဆိုင်လျက်ရှိပါသည်။ ဖော်ပြပါ ပိုင်ဆိုင်မှုကိစ္စအပေါ် ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်တားမြစ်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးပြည့်စုံအောင်(LL.B) (အထက်တန်းရှေ့နေ)**

**လမ်း ၃၀၊ ၆၅လမ်းနှင့် ၆၆လမ်းကြား၊**

**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၉၇၇၈၇၁၅၂၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃-က)၊ ဦးပိုင်အမှတ်(၁၇၃)အလယ် ခဲစင်း၊ ဧရိယာ(၀ ဒသမ ၀၁၅)ဧက၊ ခွာညိုလမ်း၊ သပြေလမ်းနှင့် မြစ်ကြီးနား-မန္တလေးမီးရထားလမ်းကြားရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ထားသည့် ဒေါ်နီနီမာ (ဘ)ဦးဘို(၉/အမရ(နိုင်)၀၀၉၁၇၁)မှ ၎င်း တရားဝင်ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူမည်ဖြစ်ပါ၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်မြတ်ဖူးမွန်(အထက်တန်းရှေ့နေ)(စဉ်–၅၂၄၈၃)**

**အကွက်(၄၇၅)၊ တမ္ပဝတီ၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၇၆၀၈၆၈၇၀၆၊ ၀၉–၂၅၇၄၈၉၄၄၇။**

## ပြင်ဆင်ဖတ်ရှုပါရန်

၁-၂-၂၀၂၅ ရက်၊ မန္တလေးနေ့စဉ်သတင်းစာ၊ စာ (၂၃)ပါ အများသိစေရန် ကြေညာခြင်းတွင် Garden City Apartment Complex အတွင်းရှိ Tower (A)၊ အခန်းအမှတ်(၇) အစား Garden Condominium အတွင်းရှိ Tower (A)၊ အခန်းအမှတ်(၇)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ "ပညာ"ဆိုသည်မှာ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် "အသိဉာဏ်" ရရှိစေ...

❖ နိုင်ငံသားတိုင်း "အသိဉာဏ်ပညာ" ပြည့်စုံမှသာ နိုင်ငံအကျိုး သယ်ပိုးနိုင်သည့် "စစ်မှန်သည့်အင်အား" တစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် ဟိုင်းကြီးကျွန်းမြို့ သံကြိုးလမ်းကျေးရွာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနား တက်ရောက်

ပုသိမ် ဖေဖော်ဝါရီ ၂၆

(၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ကျောက်ချောင်းကျေးရွာအုပ်စု သံကြိုးလမ်းကျေးရွာတွင် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် တက်ရောက်ဖွင့်လှစ်ပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးတို့သည် လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ ယင်းနောက် ကွန်ကရစ်လမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါလမ်းသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေများဖြင့် ဆောင်ရွက်သောလမ်းဖြစ်ပြီး လမ်းအရှည် ပေ ၁၀၅၀၊ အကျယ် ၁၀ ပေနှင့် ဒုခြောက်လက်မရှိကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ကျောက်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လူငယ်များသည် အနာဂတ်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့်သူများ ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ဝီရိယထားကြိုးစားအားထုတ်ပါက အောင်မြင်မှုများ ရရှိမည်ဖြစ်ပါကြောင်း၊ မိမိကိုယ်မိမိ ယုံကြည်ချက် ခိုင်မာစွာထားရှိပြီး အောင်စိတ်မွေးရမည်ဖြစ်ကြောင်း အားပေးစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဆရာ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့၏ လိုအပ်ချက်များ တင်ပြမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ကျောက်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ရင်ခွင်ဦးဆောင်တွင် စဉ်ဆက်ပညာရေးလုပ်ငန်းအဖြစ် ကျေးလက်နေ တိုင်းရင်းသားပြည်သူများအား စာပေသင်ကြားပေးနေမှုများကို ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။ သတင်းစဉ်





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးတို့က ဟိုင်းကြီးကျွန်းမြို့ သံကြိုးလမ်းကျေးရွာ ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကျောက်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

## နီပေါအမျိုးသမီးအသင်းအား အနိုင်ယူပြီး ချန်ပီယံဆုအား မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း ထိုက်ထိုက်တန်တန်ဆွတ်ခူး

နီပေါလေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ညနေပိုင်းက အိမ်ရှင် နီပေါအသင်းနှင့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းက နီပေါအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရယူပြီး ချန်ပီယံဆုအား ထိုက်ထိုက်တန်တန်ဆွတ်ခူးခဲ့သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် အိမ်ရှင် နီပေါအသင်းအား လွယ်လွယ်ကူကူအနိုင်ရရှိခြင်းမဟုတ်ဘဲ ခက်ခက်ခဲခဲယှဉ်ပြိုင်ကစားပြီးမှ အနိုင်ရရှိကာ ချန်ပီယံဆုအား ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းအတွက် အနိုင်ရရှိစေမည့် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၆၂ မိနစ်တွင် ရှုပါခိုင်၊ ပွဲချိန် ၆၄ မိနစ်တွင် ဝင်းသိင်္ဂီထွန်းတို့က အသီးသီးသွင်းယူပေးခဲ့သည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် နီပေါလေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲတွင် ရှုံးပွဲမရှိဖြင့် ဗိုလ်စွဲနိုင်ခဲ့သည်။ (NGB)

